ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (13-4-2005)(၄၅၆၇)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ပည်းမော်ကွန်းကျောက်စာကို နံ့သာရည်ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့် စက်ရုံတွင် မဂ္ဂါဝပ် ၆၀ တာဘိုင်စက်နှစ်လုံး တပ်ဆင်ထားပြီး ပထမတစ်လုံးမှာ စက်စွမ်းအားပြည့် ထုတ်လုပ်နေ ဒုတိယတာဘိုင်စက်မှာ စက်အစိတ်အပိုင်းများ အပြီးသတ် တပ်ဆင်ပြီးစီးပြီဖြစ်၍ ယခုဧပြီလ နောက်ဆုံးပတ်အတွင်း လျှပ်စစ်ဓာတ်အား စက်စွမ်းအားပြည့် ထုတ်လုပ်သွားမည်

ရန်ကုန် ဧပြီ ၁၂

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ်ဒေသ၌ တည်ဆောက်ပြီးစီးသွားသည့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါစက်ရုံဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တက်ရောက်အားပေးချီးမြှင့်သည်။



တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၃-၄-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက် အဖျက်ရန်မှန်သမျှ ပြည်သူနှင့် လက်တွဲချေမှုန်း

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၌ ဖြစ်တည်ပေါ်ပေါက်လာခဲ့ပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိသည့် တိုင်းရင်းသားပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသော မျိုးချစ်တပ်မတော်ဖြစ်သည်။

တစ်နည်းအားဖြင့် ပြည်သူလူထုအတွင်းက ပေါက်ဖွားလာခဲ့သည့် တပ်မတော်သည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အခြေခံပြီး အမျိုးသားရေးတာဝန်ကို စွန့်လွှတ်စွန့်စားအသက်နှင့်လဲ၍ ဦးလည်မသုန် ထမ်းဆောင်လျက်ရှိသဖြင့် မျိုးချစ်တပ်မတော်ဟူသည့် ဂုဏ်ထူးဝိသေသရှိသော တပ်မတော်ဖြစ်သည်။

မျက်မှောက်ခေတ်အချိန်အခါသည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် တပ်မတော်၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်နေသော ကာလဖြစ်ရာ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြု တာဝန်ယူနေရသော တပ်မတော်၏ စွမ်းဆောင်မှုအခန်းကဏ္ဍသည် များစွာအရေးပါလျက်ရှိသည်။

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဧပြီလ ၁၁ ရက်နေ့က ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မိန့်ခွန်းပြောကြားရာတွင် **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်နေတဲ့အချိန်မှာ ပြည်တွင်းပြည်ပက အဆိုးမြင် အဖျက်အမှောင့်သမားတွေဟာ အမျိုးသားနိုင်ငံရေးဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်အောင်၊ အမျိုးသားညီလာခံကြီးကို ပျက်ပြားအောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ပြည်သူအပေါင်း စိတ်အေးချမ်းမြေ့စွာ အသက်မွေးဝမ်းကျောင်းနိုင်မှုကို ထိခိုက်အောင် ကောလာဟလ အမျိုးမျိုး၊ အဖျက်အမှောင့်လုပ်ငန်းအမျိုးမျိုးနဲ့ ထိုးနှက်လျက်ရှိတယ်။ ဒါကြောင့် ကောလာဟလတွေကို နားယောင်ခြင်းမရှိကြဘဲ ရဲဘော်တို့ဟာ စစ်ရေးသတိကြီးစွာနဲ့ အဖျက်ရန်မှန်သမျှကို ပြည်သူနဲ့လက်တွဲပြီး တွန်းလှန်ချေမှုန်းသွားကြဖို့ လိုအပ်တယ်** ဟူ၍ မှာကြားခဲ့သည်။

တပ်မတော်ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြမည့် ဗိုလ်သင်တန်းဆင်း ဗိုလ်လောင်းများအနေဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆)ရပ်နှင့် ပြည့်စုံကြရမည့်အပြင် စည်းကမ်းအရာတွင် စံနမူနာပြဖြစ်ကြရမည်ဖြစ်သည်။

စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သကဲ့သို့ တပ်မတော်၏ မဏ္ဍိုင်လည်းဖြစ်သည်။ ထို့ကြောင့်စည်းကမ်းကောင်းသော တပ်မတော်ကို တိုင်းရင်းသားပြည်သူအပေါင်းတို့က လေးစားချစ်ခင်ခဲ့ကြသည်။ ယင်းသို့သော အစဉ်အလာကောင်းများကို တပ်မတော်သားများအားလုံးက ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။

ထို့အတူ တပ်မတော်သားများအတွက် ပြဋ္ဌာန်းထားသည့်အပါး (၆၀)သော စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာစောင့်ထိန်းပြီး စိတ်ဓာတ်မြင့်မားသော တပ်မတော်သားဘဝကို ခံယူထားကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် တပ်မတော်၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်လျက်ရှိရာ ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့်သမားတို့၏ နှောင့်ယှက်၊ ပိတ်ဆို့၊ ကန့်သတ်မှုပေါင်းစုံကြားကပင် တိုးတက်အောင်မြင်မှုများ ရရှိဖြစ်ထွန်းလျက်ရှိသည်ကို တွေ့မြင်နေရပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တပ်မတော်၊ အစိုးရနှင့် ပြည်သူတို့က တက်ညီလက်ညီ ကြိုးပမ်းတည်ဆောက်လျက်ရှိရာ သင်တန်းဆင်းဗိုလ်လောင်းများအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ အဆိုးမြင် အဖျက်အမှောင့်သမားများ၏ အဖျက်လုပ်ရပ်နှင့် နှောင့်ယှက်ဖျက်ဆီးမှုမှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ချေမှုန်းသွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ စစ်ဆေး

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်သို့ သွားရောက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်-ဇုန်(၂) ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်း

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးဇုန်ကြီးအတွင်း တိုင်းရင်းသားစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ လုပ်ငန်းများ အဆင်ပြေစွာလုပ်ကိုင် ဆောင်ရွက်နိုင်ရန်အတွက် လမ်းများ ဖောက်လုပ်ပြုပြင်ပေးခြင်း၊ စိုက်ပျိုးရေရရှိစေရေး ဆောင်ရွက်ပေးခြင်း၊ ဆက်သွယ်မှု လွယ်ကူလျင်မြန်စေရေးအတွက် တယ်လီဖုန်းလိုင်းများ တပ်ဆင်ပေးထားခြင်း၊ ၂၄ နာရီမပြတ် လျှပ်စစ်မီးရရှိအောင် စီမံပေးထားခြင်းဖြင့် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်က ပံ့ပိုး ဖြည့်ဆည်းပေးသည့်နည်းတူ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိလုပ်ငန်းများ အောင်မြင်တိုးချဲ့နိုင်ရေးအတွက် မိမိတတ်နိုင်သည့် အပိုင်းများနှင့် လုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို အချိန်မရွေး တင်ပြဆောင်ရွက်နိုင်ရေးတာဝန်ခံများ ခန့်အပ်ထားရှိပေးထားပြီးဖြစ်ရာ မိမိတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်သည်များကို အဆင့်ဆင့်အချိန်မီ တင်ပြကြစေလိုကြောင်းနှင့် အထူးဇုန်ကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်တိုးချဲ့နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဇုန်(၂)မျှော်စင်ပေါ်မှနေ၍ ဇုန်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အမှတ် (၃) လမ်းမကြီးနှင့် ပဲခူးလမ်းဆုံမှ အနောက်ကြာအင်းရွာကို ဖြတ်၍ အင်းကန်ကျေးရွာအထိ ဆက်သွယ်ဖောက်လုပ်လျက်ရှိသည့် အရှည် ၁၂ မိုင် တစ်ဖာလုံ၊ အကျယ်ပေ ၃၀ ရှိ ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ပျဉ်းမဒေါကျေးရွာ အနီး အလျားပေ ၃၅၀၀၊ တမံအမြင့် ၆၅ ပေရှိ ရေ ဧက ပေ ၂၆၀၀၀ သိုလှောင်ထားနိုင်သည့် ကလီထော် ရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေရရှိရေးသည် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်သဖြင့် ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးရေမပြတ်ရရှိစေရေး စီမံဆောင်ရွက်ကြရန်၊ မြေသားတမံနှင့် ပင်မမြောင်း၊ လက်တံမြောင်းများ ရေရှည်ခိုင်ခံ့မှုရှိစေရေး၊ ဆည်ရေ လေလွင့်ဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ထန်းတပင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စုအနီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကြို့ကုန်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ သွားရောက်သည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စိုက်ပျိုးရေ လုံလောက်စွာရရှိခြင်းဖြင့် ဒေသ၏ နွေစပါး အထွက်နှုန်းတိုးတက်စေပြီး ဒေသခံတောင်သူလယ်သမားများ၏ လူနေမှုဘဝ မြင့်မားလာစေမည်ဖြစ်ရာ နိုင်ငံတော်က စိုက်ပျိုးရေရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ဒေသခံတောင်သူများကလည်း စိုက်ပျိုးရေရရှိရေး မိမိတို့တစ်ပိုင်တစ်နိုင် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

လိုက်လံကြည့်ရှု

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် လှိုင်မြစ်မှ ရေကို ဒီဇယ်ဆီသုံး ရေတင်စီမံကိန်းဖြင့် ဝွေးတန်းရှည် ကျေးရွာအုပ်စုအနီးရှိ လယ်မြေ ဧက၃၀၀၀သို့ စိုက်ပျိုးရေ ပေးဝေနိုင်ရေး အရှည်သုံးမိုင်ရှိ ပင်မမြောင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ရေပေါ်သောင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် ရေပေါ်သောင်၊ ကြာအင်း၊ ကုန်းလှဲဆိပ်၊ တော်လတဲ့ကျေးရွာအုပ်စုများရှိ လယ်မြေဧက ၁၂၀၀ အား စိုက်ပျိုးရေပေးဝေလျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် တော်လတီကျေးရွာအနီးရှိ သပြေတန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး လျှပ်စစ်ရေတင် စီမံကိန်းဖြင့် ဆက်စပ်လျက်ရှိသည့် လက်တံမြောင်း၊ ရေသွယ်မြောင်းများ ရေရှည်ခိုင်ခံ့မှုရှိစေရေးနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သပြေတန်း လျှပ်စစ် မြစ်ရေတင်စီမံကိန်းအတွင်း စိုက်ပျိုးရေပေးဝေလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် တိုက်ကြီးမြို့နယ် တော်လတီ ကျေးရွာရှိ နှောင်ပိုင်ဖြိုး ကုမ္ပဏီလီမိတက်၏ ရေချိုပုစွန်သားဖောက်စခန်း၊ တော်လတီကျေးရွာမှ စံကင်းကျေးရွာအထိ ဆက်သွယ်ထားရှိသည့် အရှည် ၁၆ မိုင် ငါးဖာလုံ အကျယ်ပေ ၃၀ ရှိ ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ တိုက်ကြီးမြို့နယ် ရွာသာရွာအနီးရှိ အိုင်ကလောင် လျှပ်စစ်မြစ်ရေတင် စီမံကိန်းနှင့် တိုက်ကြီးမြို့နယ် ဥတိုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဥတို မြို့တော်စိုက်ကွင်းနှင့် အပန်းဖြေစခန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။
(ရန်ကုန်တိုင်း)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈)သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၁၂

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ည ၇နာရီတွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက်ရောက်

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဗထူးတပ်နယ်မှူးနှင့် ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းဆင်း အရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီး

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ဂုဏ်ပြုညစာသုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ ဗထူးတပ်နယ်မှ မိသားစုများ၊ တေးသံရှင်များနှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဧပြီ ၁၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	**ခန့်ထားသည့်ရာထူး၊ ဌာန**
(က) ဦးသိန်းဆွေ ညွှန်ကြားရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန
(ခ) ဦးတင်ထွေး ဒုတိယအထွေထွေမန်နေဂျာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန

မိုးကုတ်ဝိပဿနာ ခုနစ်ရက်စခန်းပွဲများ

ရန်ကုန် ဧပြီ ၁၂

ကရင်ပြည်နယ် လှိုင်းဘွဲမြို့ မြို့မပရိယတ္တိစာသင်တိုက်ကြီး၌ ပဓာနနာယက ဆရာတော် ဦးဝိသုဒ္ဓစာရအားအမှူးထား၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဧပြီ ၂၂ရက်မှ ၂၈ရက်အထိ၊ ကော့ကျိုက်ရွာတွင် မေ ၁ ရက်မှ ၇ ရက်အထိ၊ ဂျို့ချောင်းရွာတွင် မေ ၉ ရက်မှ ၁၅ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲများတွင် ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးဩဿခ(တက္ကသိုလဓမ္မာစရိယ B.A)အရှင်သူမြတ်နှင့် ဓမ္မကထိက ဆရာဦးသန့်ဇင်(အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၁၂



မြန်မာ့နှစ်ဦးတန်ခူးလ အတာသင်္ကြန်ပွဲတော်ကိုကြိုဆိုလျက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၇၂)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

(ယာပုံ)

ကြည်အောင်(ကေတုမတီ)၊ နောင်၊ မြင်းမူမောင်နိုင်မိုး၊ မျိုးမြင့်လွင်၊ ပုသိမ်မောင်ကြေးရည်၊ ပိုနေမြ(ဝက်လက်)၊ ဇာနည်၊ တိုးဝေ၊ ပြင်စည်အောင်(ခရာတော)၊ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၊ ဝင့်ဝါထွန်း (ဂန္ထဝင်ကုန်း)၊ သောင်းဝင်း(လှိုင်)၊ တင့်ထွန်း(ချောက်)တို့၏ကဗျာများ၊စောမုံညင်း၊တက္ကသိုလ်တင်ခ၊ ဒေါက်တာမတင်ဝင်း၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ မှူးခရေ၊ လယ်တွင်းသားစောချစ်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ဗိုလ်ကလေး တင့်အောင်၊ ဒေါက်တာသန်းဝင်းတင်၊ အောင်ဇင်၊ သန်းဝင်းရှိန်၊ ချောင်းဦးမောင်စန္ဒာ၊ မောင်အေးနှစ်(ပညာရေး)၊ ခင်အေး(စက်မှု)၊ စကုဆွေသစ်၊ မောင်မြတ်မွန်(ဆူးလေ)၊ ချစ်ဝိုင်း(ဥပဒေ)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ မောင်လွမ်းနွယ်(အောင်လံ)၊ ယမုံသက်လယ်၊ တက္ကသိုလ်စိုးယဉ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်း အောင်သိန်း၊ မောင်ဆန္ဒ(လယ်ဝေး)၊ လင်းသန့်၊ သူရိန်မွန်(ဆေး-၂)၊ ရွှေတာမောင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊စိုးစံ၊ မောင်နေမွန်၊ စည်သူကျော်၊ ကျော်ကျော်လွင်တို့၏ ကာတွန်းများအပြင်၊ ဗုဒ္ဓစာဥယျာဉ်၊ တောလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ ကျန်းမာရေးကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာတင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားမြို့ကြီးများရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (က-ပ)

ပီတောက်နှင့် မြန်မာ

☆ သကြိန်ချိန်ရောက်၊ သည်တစ်ခေါက်တွင်
ပီတောက်နှင့်ယှဉ်၊ အတွေးဝင်မိ။

☆ ပင်လုံးဖူးကာ၊ ရှိနေပါလည်း
အပူသာကဲ၊ ပူမြဲသာပူ
အပူတောက်လျှောက်၊ ပွင့်ချိန်ရောက်လည်း
ပီတောက်ပွင့်ရိုးမရှိပါ။

☆ မိုးပေါက်ဖျန်းမှ၊ လန်းရွှင်ပျ၍
လှစ်ဟာအင့်၊ ပင်လုံးခြုံကာ
ဝင်းဝင်းဝါလျက်
နံ့သာကြိုင်သင်း၊ သူ့အဆင်းကို
ထင်လင်းမြင်သာ၊ တွေ့နိုင်ပါ၏။

☆ မြန်မာ့စိတ်ဓာတ်
မှတ်၍ထားပါ၊ ပီတောက်ပါ။

☆ မြန်မာ့အလှ၊ မြင်လိုလှလျှင်
အစဉ်ချဉ်းကပ်၊ အပူဓာတ်ဖြင့်
သင့်မြတ်လိမ့်မည်မဟုတ်ပါ။

☆ မေတ္တာရေစင်၊ မိုးပေါက်သွင်သာ
ပူတာအစား၊ ပက်ဖျန်းသွားက
မြန်မာ့ရုပ်သွင်၊ ပေါ်ပေါ်လွင်ဖြင့်
ယဉ်ယဉ်ကျေးကျေး၊ ရှုမငေးကို
မဝေးချိန်ခါ မြင်ရမှာ
မေတ္တာရေသာ ဖျန်းလိုက်ပါ။ ။

နွယ်ချို

အီရတ်အား ဖျက်အားပြင်း လက်နက်များနှင့် စပ်လျဉ်း၍ စွပ်စွဲချက် မှားယွင်းကြောင်း ဗြိတိသျှထောက်လှမ်းရေးက ဝန်ခံပြောကြား

လန်ဒန် ဧပြီ ၁၁

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်၏ ဖျက်အားပြင်းလက်နက်များနှင့်ပတ်သက်သည့် ပြောကြားချက်သည် မှားယွင်းကြောင်း ဗြိတိသျှ ထောက်လှမ်းရေးအကြီးအကဲများက ပထမဆုံးအကြိမ်အဖြစ် ဝန်ခံပြောကြားကြသည်။

အီရတ်နိုင်ငံ၏ ဖျက်အားပြင်းလက်နက်များဆိုင်ရာ ထောက်လှမ်းရေးသတင်းအပေါ် မိမိတို့စိုးရိမ်မကင်းဖြစ်ကြရပြီး ယင်းယူဆချက်အား ယခုအချိန်တွင် ပြန်လည်ရုပ်သိမ်းရတော့မည်ဟု ထောက်လှမ်းရေးနှင့် လုံခြုံရေးကော်မတီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ယင်းကော်မတီက ဘတ်တလာဦးဆောင်သည့် စုံစမ်းရေးအဖွဲ့အား ရည်ညွှန်းပြောကြားသည်။ ထောက်လှမ်းရေးအဖွဲ့ အမှတ်(၆)က အီရတ်နိုင်ငံသည် ဓာတုလက်နက်များအား ၄၅ မိနစ်အတွင်း ဖြန့်ကြက်ထားနိုင်သည်ဟု ပြောကြားခဲ့မှုသည် သံသယဖွားဖွယ်ရာ အားနည်းချက်များပါရှိနေကြောင်း အဆိုပါ စုံစမ်းရေးအဖွဲ့က ဖော်ပြခဲ့သည်။

၂၀၀၄-၂၀၀၅ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာအား ပါလီမန်သို့ ယခုရက်သတ္တပတ်စောစောပိုင်းက တင်သွင်းခဲ့ရာတွင် ဖော်ပြပါအတိုင်း ဝန်ခံပြောကြားကြခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၏ ဖျက်အားပြင်းလက်နက်များဆိုင်ရာ အစီရင်ခံစာကို ၂၀၀၂ခုနှစ် စက်တင်ဘာလတွင် ထောက်လှမ်းရေးကော်မတီက တင်ပြခဲ့သည်။

ထိုကိစ္စနှင့်သက်ဆိုင်သော မှတ်တမ်းမှတ်ရာ အထောက်အထားများကြောင့် ဗြိတိသျှအစိုးရမှာ သိက္ခာကျဆင်းလျက်ရှိသည်။ သို့ဖြစ်၍ ယခုအသစ်ဖွဲ့စည်းသောကော်မတီက ထိုကိစ္စကိုလေ့လာပြီး သုံးသပ်ချက် အစီရင်ခံစာကို တင်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါကော်မတီက ဝန်ကြီးများနှင့် လျှို့ဝှက်ထောက်လှမ်းရေးဌာန အမှတ်(၆)အတွင်း ဆက်သွယ်မှု အားနည်းမှုကို အပြစ်ဖို့ထားသည်။ ထောက်လှမ်းရေးဌာနများဆိုင်ရာ အစိုးရအဖွဲ့ကော်မတီက ၂၀၀၃ခုနှစ် ဒီဇင်ဘာနောက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးမှု မရှိခဲ့ကြောင်း၊ ယခုအစည်းအဝေးသည် ပင်လျှင် ခုနစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ ထောက်လှမ်းရေးသတင်းများ၏ ဦးစားပေးလုပ်ငန်းများနှင့် ဖြစ်ထွန်းတိုးတက်မှုများအား ဝန်ကြီးများက ပုံမှန်အစည်းအဝေး ကျင်းပပြီး စုပေါင်းဆွေးနွေးနိုင်ကြကြောင်း အဆိုပါကော်မတီက ထောက်ပြထားသည်။

ယခုလောလောဆယ် အချိန်တွင် ဝန်ကြီးများသည် ပြဿနာတစ်ခုချင်းအပေါ်မူတည်ပြီး ထောက်လှမ်းရေးသတင်းများကို ဆွေးနွေးသည့် အစည်းအဝေးများ ပြုလုပ်သည်ဟု ကော်မတီက ထပ်လောင်း ဖော်ပြသည်။

အီရတ်နိုင်ငံအား ကျူးကျော် တိုက်ခိုက်ခဲ့ပြီးနောက် ထောက်လှမ်းရေးအဖွဲ့သုံးခုအား ရုပ်သိမ်းလိုက်သည်။ ယင်းအဖွဲ့အတွင်း အီရတ်နိုင်ငံတွင် ယခုထက်တိုင် ဓာတုနှင့်ဇီဝလက်နက်များ ထုတ်လုပ်နေသေးသည်ဟု ပြောကြားသည့် အဖွဲ့တစ်ဖွဲ့ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။



မီဒီယာ သတင်းသမားများကို အမေရိကန်တပ်ဖွဲ့က တိုက်ခိုက်သည့်ကိစ္စများအပေါ် မကျေနပ်သဖြင့် စုံစမ်းပေးရန် ဆန္ဒပြတောင်းဆိုနေသော ပရိသတ်ကို မဒရစ်မြို့ အမေရိကန်သံရုံးရှေ့၌ ဧပြီ၁၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဒိုင်နိုဆော ရုပ်ကြွင်းဥနှစ်လုံး ဟောင်ကောင်သို့လွှဲပြောင်း

ဟောင်ကောင် ဧပြီ ၁၁

ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ (အိပ်ချ်ကေအက်စ်အေအာရ်) အစိုးရကိုယ်စားလှယ်လက်သို့ တရုတ်ပြည်မရှိ နန်ယံအထူးဒေသ အုပ်ချုပ်ရေးအဖွဲ့မှ ဒိုင်နိုဆောသတ္တဝါရုပ်ကြွင်းဥနှစ်လုံးကို ဧပြီ ၆ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။

အိပ်ချ် ကေ အက်စ် အေ အာရ် ၏ ကိုယ်စား ဟောင်ကောင်အပန်းဖြေရေးနှင့် ယဉ်ကျေးမှုဌာနမှ ညွှန်ကြားရေးမှူး အန်နီဆာဝေါင်းစန်ရီက လွှဲပြောင်းပေးသော ရုပ်ကြွင်းဥနှစ်လုံးကို လက်ခံယူသည်။

အဆိုပါပစ္စည်းကို လွှဲပြောင်းပေးသည့်အတွက် နန်ယံအုပ်ချုပ်ရေးအဖွဲ့ကို ကျေးဇူးတင်ကြောင်းနှင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဒေသနှစ်ခုမှ ပြည်သူများ ပိုမိုရင်းနှီးချစ်ကြည်မှုရရှိလာမည် ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဝေါင်းက ပြောကြားသည်။

ဒိုင်နိုဆောရုပ်ကြွင်း ဥနှစ်လုံးကို ၂၀၀၁ခုနှစ် အောက်တိုဘာလတွင် တရုတ်ပြည်မကြီးရှိ ဟီနန်ပြည်နယ်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထိုဥများမှာ စပီရိုလီသပ်စ် ဒိုင်နိုဆောမျိုးစိတ်၏ ဥများဖြစ်ပြီး ဘူမိဗေဒသက်တမ်းအရ စရိုက်စတေးရှပ်ကပ်နှောင်းပိုင်းကာလ မီဆိုဇိုးအစ် အချိန်အပိုင်းအခြားအတွင်းမှ ကျန်ရစ်သည့် ဥများဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် သတင်းစာဆရာများ တိုက်ခိုက်ခံရမှု ကန်အစိုးရက ရှင်းလင်းရန် ဆိုက်ပရပ်စ် သတင်းစာဆရာများသမဂ္ဂက တိုက်တွန်း

နီကိုးရှား ဧပြီ ၁၁

အီရတ်နိုင်ငံတွင် ရောက်ရှိနေသည့် သတင်းစာဆရာများ တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အမေရိကန်အစိုးရက ရှင်းလင်းပြောဆိုပါရန် ဆိုက်ပရပ်စ် သတင်းစာဆရာများသမဂ္ဂ (ယူစီဂျီ)ဥက္ကဋ္ဌ အင်ဒရီကန်နူးရော့စ်က တိုက်တွန်းထားသည်။

အီရတ်နိုင်ငံတွင် ရှိနေကြသည့် သတင်းစာဆရာများနှင့် မီဒီယာဝန်ထမ်းများအား သတ်ဖြတ်နေမှုအပေါ် အရေးယူ ဒဏ်ခတ်မှုမရှိသည့် ပြဿနာဆိုင်ရာ အမေရိကန်အစိုးရ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ယူစီဂျီက စိုးရိမ်မကင်းဖြစ်မိကြောင်း ကန်နူးရော့စ်က ဆိုက်ပရပ် နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မိုက်ကယ်ကလောဆန်သို့ပေးပို့သည့်စာတွင် ရေးသားထားသည်။

ယင်းတိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ လွတ်လွတ်လပ်လပ် စစ်ဆေးမေးမြန်းမှုမရှိသလိုသေဆုံးမှု အကြောင်းရင်းကိုလည်း သေဆုံးသူများ၏ မိသားစုများ၊ မိတ်သင်္ဂဟများနှင့် လုပ်ဖော်ကိုင်ဖက်များအား စနစ်တကျ ရှင်းလင်းပြောကြားမှုလည်း မရှိခဲ့ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ဒီမိုကရေစီရေးအကြောင်း တဖွဖွ ပြောကြားနေပြီး လူ့အခွင့်အရေးအား ကာကွယ်ပေးနေပါသည် ဆိုသော အမေရိကန်အစိုးရအနေဖြင့် ၎င်းတို့၏ တပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်နေသည့် သေဆုံးမှုဖြစ်ရပ်များအား စနစ်တကျနှင့် လွတ်လွတ်လပ်လပ် စုံစမ်းမှုမရှိဘဲ ပျက်ကွက်နေမှုအပေါ် ယူစီဂျီက နားလည်နိုင်ခြင်းမရှိကြောင်း ကန်နူးရော့စ်က ပြောကြားသည်။

အမေရိကန်အစိုးရအနေဖြင့် အမှန်တရားအား ဖွင့်ဟထုတ်ဖော်ခြင်းဖြင့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် တရားမျှတရေးကိစ္စများအား တာဝန်ယူမှုကို လိုက်နာစောင့်ထိန်းရန် ၎င်းက တိုက်တွန်းပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်ရှိ ပါလက်စတိုင်းဟိုတယ်နှင့် အာရပ် ရုပ်မြင်သံကြားဌာနရုံးတို့အား တိုက်ခိုက်ခဲ့မှု ဒုတိယအကြိမ် နှစ်ပတ်လည်နေ့တွင် အဆိုပါစာကို ပေးပို့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုအတွင်း သတင်းစာဆရာများ သေဆုံးခဲ့ကြရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗုံးပေါက်ကွဲမှုကြောင့် ကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၀

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသရှိ ကယ်ကွတ်မြို့တွင် သောကြာနေ့က ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်း ကီလိုမီတာ ၂၄၀ အကွာရှိ ဟော်ဝီဂျာမြို့အနီးတွင် နေ့လယ်ပိုင်းက အိမ်လုပ်ဗုံးတစ်လုံးပေါက်ကွဲသည်ဟု ယင်းကြေညာချက်အရ သိရသည်။ ယင်းနေ့ စောစောပိုင်းအချိန်ကလည်း တည်ငြိမ်မှုမရှိသည့် ဖလူဂျာမြို့တွင် မော်တော်ယာဉ်မတော်တဆ ဗုဒ္ဓဟူးနေ့က ဖြစ်ပွားမှုကြောင့် အမေရိကန်မရိန်း တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မိုဆူးလ်မြို့တွင် ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ ဝင်များကို ဧပြီ ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သီရိလင်္ကာနိုင်ငံသို့ တရုတ်ဝန်ကြီးချုပ်ရောက်ရှိ နှစ်နိုင်ငံ ချစ်ကြည်မှုနှင့် ပူးပေါင်းမှုမြှင့်တင်ရန် ရည်ရွယ်

ကိုလံဘို ဧပြီ ၁၁

တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ ပုလဲလုံးဟူ၍ သိရှိကြသည့် သီရိလင်္ကာကျွန်းနိုင်ငံသို့ သောကြာနေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိလာသည်။ တရုတ်ဝန်ကြီးချုပ်၏ သီရိလင်္ကာခရီးစဉ်သည် နှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ရည်ရွယ်သည်။

ကိုလံဘိုမြို့တော် အရှေ့မြောက်ဘက် ကီလိုမီတာ ၃၀ အကွာရှိ ဘန်ဒရာနိုက်ကေး နိုင်ငံတကာ လေဆိပ်သို့ လေယာဉ်ဖြင့် ဆိုက်ရောက်လာသူ ဝမ်ကျားပေါင်အား ဂုဏ်ပြုသည့်အနေဖြင့် ဂုဏ်ပြုတပ်ဖွဲ့က အမြောက် ၁၉ ချက် ပစ်ဖောက်ခဲ့သည်။

သီရိလင်္ကာနိုင်ငံရှိ ဆူနာမီလှိုင်းဒဏ် ခံစားခဲ့ကြရသော ဒေသများတွင် နေထိုင်သူပြည်သူများအတွက် နက်နက်ရှိုင်းရှိုင်း စာနာထောက်ထားမိကြောင်း၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို စောစီးစွာ အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ကြောင်း တရုတ်ဝန်ကြီးချုပ်က ကိုလံဘိုသို့ ဆိုက်ရောက်လာစဉ် ထုတ်ပြန်သော ကြေညာချက်တစ်ရပ်၌ ဖော်ပြထားသည်။

ထူထောင်

တရုတ်နှင့် သီရိလင်္ကာနိုင်ငံတို့ ရင်းနှီးချစ်ကြည်မှု ခိုင်မာတိုးတက်နေပုံကို အချိန်က သက်သေခံခဲ့ပြီးဖြစ်ကြောင်း၊ နယ်ပယ်ကဏ္ဍမျိုးစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် တိုးတက်လျက်ရှိကြောင်း၊ သံတမန်ရေးဆက်ဆံမှု ထူထောင်ခဲ့ချိန်မှစ၍ နှစ်နိုင်ငံ ပြည်သူများအကြား ရင်းနှီးခင်မင်မှု နက်ရှိုင်းလာကြောင်း ဝမ်က ပြောကြားသည်။ တရုတ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံနှင့် ၁၉၅၇ ခုနှစ်တွင် သံတမန်ရေးဆက်ဆံမှု ထူထောင်ခဲ့သည်။

သီရိလင်္ကာသမ္မတ ချန်ဒရေကာ ကုမာရတွန်ဂါသည် ၁၉၉၆ ခုနှစ်တွင် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါတွင်ရိုးရာစာပေထွန်းကားရန် တော်ဝင်အကယ်ဒမီအဖွဲ့ ဆောင်ရွက်မည်

ခတ္တမန္ဒူ ဧပြီ ၁၁

နီပေါအစိုးရသည် ရိုးရာစာပေပညာရပ်ကို ဖော်ထုတ်ရန်အတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ကိစ္စများဆောင်ရွက်ရန်အတွက် နိုင်ငံ၏ ဖွံ့ဖြိုးရေးဒေသငါးခုတွင် အထူးအဖွဲ့များ ထူထောင်သွားမည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

တော်ဝင်နီပေါ အကယ်ဒမီအဖွဲ့သည် ရိုးရာစာပေနှင့် အမျိုးမျိုးသောဘာသာစကားများကို သုတေသနဆောင်ရွက်ရန်အတွက် မဟာစီမံကိန်းတစ်ရပ်ကို ပြင်ဆင်ဆောင်ရွက်နေကြသည်။ ရိုးရာပညာရပ်များ၏ ရသမြောက်မှုကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဒေသတွင်းအဆင့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ထိုအဖွဲ့က အသင့်ဖြစ်နေပြီဖြစ်ကြောင်း ယဉ်ကျေးမှု ခရီးသွားလာရေးနှင့် အရပ်ဘက် လေကြောင်းသွားလာရေးဝန်ကြီး ဗုဒ္ဓိရာဂျာစကရာချာရာက သတင်းထောက်များအား ပြောကြားခဲ့သည်။

နီပေါနိုင်ငံတစ်ဝန်းတွင် အမျိုးမျိုးသော လူမျိုးအဖွဲ့အစည်းများနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရန် အကယ်ဒမီအဖွဲ့က လိုအပ်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရပ်စောက်မြို့နယ် အင်တောမြို့ ကျောက်ဂူကျေးရွာအုပ်စုရှိ ရွှေသံလွင်ကုမ္ပဏီလီမိတက်၏ မြေလွတ်မြေရိုင်းဖော်ထုတ်ရေး စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ရပ်စောက်မြို့နယ်၏အကျယ်အဝန်း၊ မြို့နယ်အတွင်းရှိ မြေလွတ်မြေရိုင်းများ၌ တိုင်းရင်းသားလုပ်ငန်းရှင်များအား နှစ်ရှည်ပင်၊ ရာသီပင်များစိုက်ပျိုးနိုင်မှု မြေလွတ်မြေရိုင်းလုပ်ငန်းများခွဲဝေပေးထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

နှစ်ရှည်ပင်အောင်မြင်ဖြစ်ထွန်းမှုအပေါ်အခြေခံ၍ လိုအပ်သောစက်မှုလုပ်ငန်းများကို တွက်ချက်ထူထောင်

☆ ကျောဖုံးမှ
ရွှေသံလွင်ကုမ္ပဏီလီမိတက်၏ မြေလွတ်မြေရိုင်းဖော်ထုတ်ရေး စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ရပ်စောက်မြို့နယ်၏ အကျယ်အဝန်း၊ မြို့နယ်အတွင်းရှိ မြေလွတ်မြေရိုင်းများ၌ တိုင်းရင်းသားလုပ်ငန်းရှင်များအား နှစ်ရှည်ပင်၊ ရာသီပင်များစိုက်ပျိုးနိုင်ရန် မြေလွတ်မြေရိုင်းလုပ်ကွက်များ ခွဲဝေပေးထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေသံလွင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းကမိမိတို့ကုမ္ပဏီအနေဖြင့် ဤဒေသ၌မြေလွတ်မြေရိုင်းများ ဖော်ထုတ်ဆောင်ရွက်ရန် ဧက ၈၁၀၀ ခန့်ရရှိထားပါကြောင်း၊ လုပ်ကွက်မြေအနေအထားများကို လေ့လာခဲ့ပြီး ကော်ဖီ၊ မက္ကဒေးမီးယားနှင့် ဒေသနှင့်ကိုက်ညီမည့် သီးနှံများစိုက်ပျိုးသွားရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ ကော်ဖီ ၁၀ ဧက၊ မက္ကဒေးမီးယား ၁၅ ဧက စမ်းသပ်စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ ယခု ၂၀၀၅-၂၀၀၆ တွင် ဧက ၃၀၀ စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပျိုးပင်များ စုဆောင်းထားမှု၊ စက်/ယာဉ်စုဆောင်းထားမှုများကို ရှင်းလင်းတင်ပြသည်။

မြေသယံဇာတ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာ၌ မိမိတို့နိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေသယံဇာတများစွာ ကျန်ရှိနေသေးကြောင်း၊ ယင်းကျန်ရှိနေသော မြေလွတ်မြေရိုင်းများကို ထိထိရောက်ရောက် အသုံးချနိုင်အောင် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များအား မိမိတို့ခွင့်ပြုချထားပေးလျက်ရှိကြောင်း။

တနင်္သာရီတိုင်း၌ ဆီအုန်းနှင့် ရော်ဘာဖြစ်ထွန်းနိုင်သဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဆီအုန်းရော၊ ရော်ဘာကိုပါ တိုးချဲ့စိုက်ပျိုးနိုင်အောင် အားပေးလျက်ရှိကြောင်း။

အလားတူပင် ရခိုင်ပြည်နယ်၏ရာသီဥတုနှင့် မြေအနေအထားအရ ရော်ဘာပင်ဖြစ်ထွန်းနိုင်သဖြင့် ရော်ဘာကိုစီးပွားဖြစ်တိုးချဲ့စိုက်ပျိုးရန် မိမိတို့ ဖိတ်ခေါ်အားပေးလျက်ရှိကြောင်း။

ဤဒေသ၌လည်း ဒေသ၏ ရာသီဥတုနှင့် မြေအခြေအနေအရ ဖြစ်ထွန်းနိုင်သော နှစ်ရှည်ပင်များကို စီမံချက်ချ၍ ထိထိမိမိ စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း။

စီးပွားဖြစ်စိုက်ပျိုး

ကော်ဖီ၊ မက္ကဒေးမီးယား၊ သရက်၊ လိမ္မော်စသည့် နှစ်ရှည်ပင်များအနက် ဖြစ်ထွန်းအောင်မြင်နိုင်သည့် နှစ်ရှည်ပင်များကိုစနစ်တကျရွေးချယ်၍ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် ရနိုင်သမျှ စီးပွားဖြစ်စိုက်ပျိုးသွားကြရန်ဖြစ်ကြောင်း။

နှစ်ရှည်ပင်များကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရာ၌ အရင်းအနှီးကြီးသကဲ့သို့ နည်းပညာရှိရန်လည်း လိုအပ်ကြောင်း၊ အချိန်လည်းယူရကြောင်း။

ထို့ကြောင့် နှစ်ရှည်ပင်များကို နှစ်အလိုက်စီမံချက်ဖြင့် စိုက်ပျိုးနေချိန်၌ နှစ်ချင်းဝင်ငွေရနိုင်သည့် ပဲ၊ ပြောင်း၊ နှမ်းစသော ရာသီသီးနှံများကိုလည်း စိုက်ပျိုးသွားရန်လိုကြောင်း။

ယင်းမြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေအသစ်အဖြစ် ဖော်ထုတ်၍ စိုက်ပျိုးသော ရာသီသီးနှံများကို ပြည်ပသို့တင်ပို့ရောင်းချခွင့် မိမိတို့တရားဝင်ခွင့်ပြုပေးလျက်ရှိရာ နှစ်ရှည်ပင်များရင်းနှီးစိုက်ပျိုးနေသော ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိနိုင်ကြောင်း။

ယခုကဲ့သို့ ခေတ်မီလယ်ယာလုပ်ကွက်များဖော်ထုတ်၍ နှစ်ရှည်ပင်များစိုက်ပျိုးလုပ်ကိုင်ရင်း ဆက်စပ်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အလေးပေးဆောင်ရွက်ကြရမှာဖြစ်သကဲ့သို့ သဘာဝသစ်တောများကိုလည်း ထိန်းသိမ်းစောင့်ရှောက်သွားကြရန် ဖြစ်ကြောင်းဖြင့်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရွှေသံလွင်ကုမ္ပဏီလီမိတက်၏ မက္ကဒေးမီးယားနှင့် ကော်ဖီပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးသောင်း ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအား တွေ့ဆုံဆွေးနွေးမှာကြားစဉ်။
(သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရွှေသံလွင်ကုမ္ပဏီလီမိတက်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး မက္ကဒေးမီးယားနှင့် ကော်ဖီပျိုးပင်များပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စိုက်ပျိုးရန်မြေပြုပြင်ထားမှုများ၊ စိုက်ပျိုးပြီးစီးသည့် စိုက်ဧကများကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုဋ္ဌဝတီတံတား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးစီမံကိန်းသို့ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ဒုဋ္ဌဝတီတံတား(တာပလန်)တည်ဆောက်ရေးစီမံကိန်း အခြေအနေကို ရဟတ်ယာဉ်ပေါ်မှကြည့်ရှုကြသည်။

ယင်းနောက် ရပ်စောက်မြို့နယ် အင်တောမြို့ ဆီဆုံဂနိုင်ဒေသရှိ ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ နှစ်ရှည်သီးနှံစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ထူးထရေးဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးတေဇက **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪**

13-4)News.P65 5 1/3/32, 6:37

အတာသင်္ကြန်ဟူသည်

တူးပို့ တူးပို့ဟူသော သင်္ကြန်ဆိုင်းသံကြားလျှင် ကျွန်မရင်မှာတုန်ခါမြဲဖြစ်သည်။ ပျော်ရွှင်သော နှစ်သစ်၏ တုန်ခါခြင်းပင်။ ဤဆိုင်းချက်ဖြင့် သင်္ကြန်တွင်ကခဲ့၊ ခုန်ခဲ့၊ ယိမ်းတိုက်ခဲ့သည်။

ဤသင်္ကြန်အတာသဘင်ပွဲကြောင့် ကျွန်မတို့ မြန်မာများ လူတိုင်းလိုလို အကပညာ တတ်မြောက်ကြလေသည်ဟုပင် ဆိုရပါမည်။ သင်္ကြန်ပွဲတော်ကား မြန်မာလူမျိုးများ၏ နှစ်သစ်ကူးပွဲတော်ကြီးဖြစ်သည်။ သင်္ကြန်ဟူသည် သင်္ကန္တကူးပြောင်းခြင်းဟူသော အနက်အဓိပ္ပာယ်မှ သင်္ကန်၊ သင်္ကြန်ဟူ၍ ဖြစ်ပေါ်လာခြင်း ဟုဆိုပါသည်။

ကျွန်မတို့သည် သင်္ကြန်ပေါင်းမြောက်မြားစွာကို ကြုံတွေ့ခဲ့ဖူးပြီ။ သင်္ကြန်ပွဲတွင် ကခုန်သီဆို၍ ရေသဘင်ပွဲကို နှစ်ပေါင်းများစွာဆင်နွှဲခဲ့ကြသည်။

ထို့ကြောင့် **မြန်မာနှင့်သင်္ကြန်၊ သင်္ကြန်နှင့် မြန်မာ ခွဲခြားမရပါချေ။ လူမျိုးတိုင်း လူမျိုးတိုင်းတွင် နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ကူးပြောင်းသော နှစ်သစ်ကူးပွဲတော်များ ရှိကြသည်။ သင်္ကြန်ပွဲတော်တွင် နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ကာ နှစ်သစ်ရေလောင်းပက်၍ သပြေခက်ဖြင့် ရေကစားကြသည်။ ထို့ကြောင့် သင်္ကြန်ရေနှင့်ဆေးကြောရခြင်းသည် အလွန်မွန်မြတ်သော အလုပ်ဖြစ်သည်။**

ကျွန်မအဘွားသည် သင်္ကြန်မကျခင် တပေါင်းလကတည်းက မြေအိုးများ အလုံးလေးငါးဆယ်ခန့် ဝယ်ထားသည်။ သက်ကြီးရွယ်အိုများကို ရေကန်တော့ရန်ဖြစ်သည်။ မြေအိုးအသစ်ထဲတွင် ရေအပြည့်ထည့်၍ အိုးပေါ်တွင်ပေါက်ပေါက်ဆုပ်၊ ဆီးဆုပ်၊ အချို့ ရည်ပုလင်း၊ ကိတ်မုန့် စသည်တို့တင်၍ ကန်တော့စေသည်။

စဉ်လိုက်၍ ကပ်လေ့ရှိပါသည်။ လုံမပျိုများက အတာအိုးလေးများရွက်၍ ရေအိုးထဲတွင် ရေမွှေးနံ့သာများထည့်ကာ ဇာပဝါများအုပ်ရွက်ပြီး လှလှပပ ဝတ်ဆင်သွားကြသည်။

ကြည်နူးပျော်ရွှင်ဖွယ်ကောင်းပါသည်။ မြူးမြူးကြွကြွရှိလှပြီး ရပ်ကွက်တိုင်းထွက်၍ ကြည့်ကြသည်။ သင်္ကြန်ပွဲတော် လှုပ်ရှားမှုကို မြင်ကြားနေရသည်။ သင်္ကြန်ဂီတသံ တငြိမ့်ငြိမ့်ဖြင့် သာယာနေသည်။ မြန်မာတို့တွင် ရိုးရာပွဲတော်များအနက် နှစ်သစ်ကူး သင်္ကြန်ပွဲတော်သည် ထူးထူးခြားခြား ပျော်ရွှင်ဖွယ်ကောင်းသော ရေသဘင်ပွဲတော်ဖြစ်သည်။

ဗေဒင်ပညာရှင်များကမူ တနင်္ဂနွေဂြိုဟ် (သို့မဟုတ်) နေမင်းသည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းခြင်းကြောင့် သင်္ကြန်ဟု ဆိုကြသည်။ တနင်္ဂနွေဂြိုဟ်သည်

ရွှေဘိုသီရိမာလာ

တန်ခူးလမှစတင်ပြီး တစ်ဆယ့်နှစ်ရာသီတွင် လှည့်ပတ်ခဲ့သည်။ တပေါင်းလမိန်ရာသီ၏ အဆုံးဖြစ်သော နဝင်းရေဝတီနက္ခတ်သို့ရောက်လာသောအခါ နက္ခတ်နဝင်း ၁၀၈၊ ၁၂လ၊ ၃၆၅ ရက် ကြာပါက တစ်ပတ်ပြည့်သွား၏။ ထိုအခါ အဆုံးမှအစသို့ တစ်ဖန် ပြောင်းဝင်ရပြန်သည်။ ထို့ကြောင့် မိန်ရာသီ၏ အဆုံးဖြစ်သည့် အသဝနီနက္ခတ်သို့ ကူးပြောင်းခြင်း ဖြစ်ပေသည်။

အတာသင်္ကြန်တွင် ပျော်ရွှင်စွာ ရေကစားနေကြသည့် မြင်ကွင်းကို တွေ့ရစဉ်။

နောက်တစ်ခုက တာအိုးငယ်များဝယ်၍ သင်္ကြန်အကြိုနေ့တွင် အကြန်ကြိုပန်း များထည့်စိုက်ပြီး သင်္ကြန်ကြိုဆိုပါသည်။ သင်္ကြန်ကြိုပန်းများကို ကျွန်မတို့အညာဈေးများတွင် အထူးစည်း၍ရောင်းပါသည်။ ကျွန်မမှတ်မိသလောက် သပြေပန်း၊ ဆပ်သွားဖူးနှင့် အခြားပန်းများပါပါသည်။

ဤသင်္ကြန်တွင် လူကြီး လူငယ်မရွေး ပါဝင်သော အရဏ်တော်အဖွဲ့များက စုပေါင်း၍ စေတီပုထိုးနှင့် ရုပ်ပွားတော်များကို ရေသပ္ပာယ်ကြသည်။ အချို့စေတီကို ထုံးသင်္ကန်းကပ်လှူကြသည်။ ဘုရား ကျောင်း ကန် ဇရပ်များတွင် သန့်ရှင်းရေးလုပ်ကြသည်။ သက်ကြီးရွယ်အိုအဘိုးအဘွားတို့အား ကန်တော့ခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်းစသည့် ကုသိုလ်ကောင်းမှုများပြုကြသည်။

ကျွန်မတို့မြို့တွင် ရေကြည်တော်ဝတ် အသင်းရှိ၍ သင်္ကြန်ရက်များ၌ အရုဏ်ဦးတွင် ရေကြည်တော်ကို ဘုရား

ယမန်နှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ရွှေတိဂုံစေတီတော်၌ ဘုရားဖူးများဖြင့် စည်ကားစွာ တွေ့ရစဉ်။

အချို့ပညာရှင်များက သင်္ကြန်ဟူသောဝေါဟာရသည် မြန်မာစကား သက်သက်ဖြစ်သည်ဟု ယူဆကြသည်။ ထိုပညာရှင်များက **"ခေါင်းဆေးသင်္ကြန်၊ ကောင်းညွန့်လှန်၊ မကျန်စေ့စုံစွာ"**ဟူသော ကဝိလက္ခဏာ သတ်ပုံလင်္ကာနှင့်အညီ ကောင်းကျိုးမင်္ဂလာကြန်အင်လက္ခဏာတို့ တိုးပွားလာစေရန် သန့်စင်ဆေးကြောခြင်း (ဝါ) ခေါင်းဆေးမင်္ဂလာပြုခြင်းကိုပင် သင်္ကြန်ဟုခေါ်ကြောင်း ရေးသားကြသည်။ ပဏ္ဏာသကနိကာယ်၊ ဒသကဗြဟ္မဏဇာတ်၌ ဘုရင်မင်းမြတ်များ ခေါင်းဆေးမင်္ဂလာပြုကြောင်း (ဝါ) သင်္ကြန်တော်ခေါ်ကြောင်းကို ဖော်ပြထားသဖြင့် ရှေးမင်း ဧကရာဇ်တို့ သင်္ကြန်တော်ခေါ် ထုံးအစဉ်အလာရှိကြောင်း ထင်ရှားလှသည်။ သိဝိရာမ ဇာတ်တော်၌လည်း သိဝိမင်းသင်္ကြန်တော်ခေါ်ဆိုကြောင်း ပြဆိုထားသည်။

ဤအစဉ်အလာရ ရှေးကဘုရင်များသည် မင်းအဖြစ်ကိုယူ၍ ဘိသိက်ခံခါနီးတွင် သင်္ကြန်တော်ခေါ်ရမြဲ ထုံးတမ်းရှိသည်။ ဇောတိသတ္တဗေဒင်ကျမ်း၌ကား သင်္ကြန်တော် ၁၂ ပါးကို အမည်ထူးများဖြင့်တကွ နက္ခတ်ပုံချ၍ အကျိုးတရားကို ပြဆိုထားပေသည်။ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းသော အတိတ်နိမိတ်များ ပပျောက်၍ ဘုန်းတော်မင်္ဂလာတိုးပွားစေခြင်းဌာ လည်းကောင်း၊ နိုင်ငံတော်အကျိုး ဖြစ်ထွန်းစေအံ့သောငှာ လည်းကောင်း ပြုသောသင်္ကြန်တော်မျိုးကိုကား **"သင်္ကြန်တော်လ"**ဟူ၍ ခေါ်ပါသည်။ ထီးနန်းသိမ်းမြန်း စိုးစံတော်မူသည့်အခါမျိုး ကျက်သရေတော်မင်္ဂလာတိုးပွားရန် ပြုလုပ်ရသော ကာလဘိသိက်တော်ခံသည့်အခါမျိုးတွင်ကား **"မဟာသင်္ကြန်တော်ကြီး"**ဟု ခေါ်သည်။

သင်္ကြန်ပွဲတော်တွင် ရှေးအခါက မြန်မာတို့ရေပက်ကစားကြသည်။ အလွန်ယဉ်ကျေးသိမ်မွေ့ပုံကို စာဆိုတော်

ဦးအောင်ကြီးက **"တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွရရွှတည့်၊ ငြိမ့်မှုခေါင်းညင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမွယ်ကရမက်၊ ပန်းပေါင်းဖက်၍၊ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်ကာ၊ လည်လှည့်ဆူလှယ်၊ တင့်စံပယ်လျက်၊ မြူးရယ်ရွှင်သား"**ဟုဆိုခဲ့သည်။

ရှေးအခါက လူပျိုကာလသားများသည် လုံမပျိုလေးများကို ရေပက်လိုသော် မိဘများထံခွင့်၍ အမွှေးနံ့သာရည်တို့ဖြင့် ယဉ်ကျေး သိမ်မွေ့စွာပက်ဖျန်းကြသည်။ ဆရာဇော်ဂျီက **"တစ်ခုသောသင်္ကြန်"**ဟူသော ကဗျာတွင် "နှစ်သစ်ကူးတဲ့ တန်ခူးမှာ၊ ဒါနကတဝေဝေ၊ ရေတွေကတရွှဲရွှဲ၊ ပျော်ပွဲက တဝင့်ဝင့်၊ ကဲ့လို့သာဆင့်ရော၊ အရွယ်သင့်အရွယ်ငယ်" စသည်ဖြင့် ရေးစပ်ခဲ့ပြီး စာဆိုတော်ဦးပုညကလည်း "ဆယ့်နှစ်လီဠ္ဌါဒရမှာ၊ ခါမိဿရာသီ၊ ရင်းအစဦးချီသည်၊ လတွင်မည်တန်ခူး၊ စိတြကြယ်ပြောင်ငယ်၊ ညဥ့်သန်းခေါင်ကျခါမြူ"စသည်ဖြင့် စပ်ဆိုခဲ့သည်။

စာဆိုတော် ဦးကြော့ကလည်း "ရက္ခမူ မြေခင်းနှင့် ငွေသလင်းကျောက်ဆိုင်၊ ရွှေပယင်း တပေါက်လိုင်မှာ၊ ပိတောက်မြိုင်ကြူစွ၊ ပန်းရင်ခတ် လေဖြန့်ဆော်သည်၊ ရွှေကံ့ကော် သင်းတဲ့မာသ"စသည်ဖြင့် စပ်ဆိုခဲ့သည်။

မဟာအတုလ မင်းကြီးကလည်း "နွေခါမီ၊ ရာသီမိဿ၊ ဂိမာနမို့၊ စိတြကြယ် တိမ်မိုးလယ်မှာ တိမ်ဇွေချာလျှင်၊ ဒေသစာလွမ်း၊ လှည့်လည်မြန်းလို့၊ နှစ်ဆန်းငယ်သင်္ကြန်"စသည်ဖြင့် ရေးသားစီကုံးခဲ့သည်။

မင်းဇေယျရန္တမိတ်၏ ပုရစ်ဖြာစီ ရတုတွင် "တန်ခူးရာသီ တိုင်ခဲ့ပြီ၊ ဆန်းထူးဝါနီ လှိုင်ခဲ့ပြီ၊ သွန်းမြူးဖြာစီ တိုင်ခဲ့ပြီ" ဟု စပ်ဆိုထားသည်။

မြန်မာလူမျိုးတို့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်အခါ မင်္ဂလာရှိစေချင်သည်။ လောကီရေးရာ ပွဲတော်ဖြစ်သော်လည်း ဗုဒ္ဓဘာသာတရားတော်အရ တကယ့် မင်္ဂလာအစစ်ဖြစ်သည့် ကုသိုလ်ရေးများကိုပါ ယှဉ်တွဲကာ သင်္ကြန်ပွဲဆင်နွှဲသည်။ ရေပက်ကစားခြင်းနှင့် ပတ်သက်၍ ဝေါဟာရလီနတ္ထကျမ်းတွင် ပြဆိုထားပုံမှာ မြန်မာလူမျိုးတို့ နှစ်သစ်ကူးချိန်သည် တနင်္ဂနွေဂြိုဟ်မင်း မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်း ချိန်ဖြစ်သည်။ မိန်ရာသီ၏ ရာသီရုပ်မှာ ငါးကြင်းနှစ်ကောင် ဟူသော ရေသတ္တဝါဖြစ်သည်။ နက္ခတ်ကားရေတွင် အသုံးပြုသည့် မြူးသဏ္ဍာန်ရှိသော ရေဝတီနက္ခတ် ဖြစ်သည်။ တာရာမှာ ဥဗျိုင်း ရေငှက်တာရာဖြစ်သည်။ သို့မို့ကြောင့် မိန်ရာသီမှ အကူး အပြောင်းတွင် ရာသီကြိုက်၊ နက္ခတ်ကြိုက်၊ တာရာကြိုက်ဖြစ်သော ရေကို ရှေးမြန်မာမင်းတို့ အသုံးပြုခဲ့ကြခြင်း ပေလောဟု ပညာရှိများစဉ်းစားစရာရှိကြောင်း ဖော်ပြထားပေသည်။

မည်သို့ပင်ဖြစ်စေ သင်္ကြန်ပွဲတော်သည် ထူးခြားသော မြန်မာ့ရိုးရာအမျိုးသားယဉ်ကျေးမှု နှစ်သစ်ကူး ပွဲတော်ဖြစ်သလို ခေတ်အဆက်ဆက်စာဆိုများကလည်း သင်္ကြန်အလှကို စာဖွဲ့၍မဆုံး ရှိခဲ့ကြသည်။ ယခုနှစ် ရိုးရာသင်္ကြန်ပွဲတော်တွင် ကောင်းမှုကုသိုလ်အလှူဒါနများဖြင့် ကြည်နူးသာယာ ပျော်ရွှင်ဖွယ် မင်္ဂလာအပေါင်းနှင့် ပြည့်စုံစွာ ဆင်နွှဲနိုင်ကြပါစေဟူ၍ ဆန္ဒပြုလိုက်ရပါသည်။ ။

ဆင်နွှဲ

မဟာသင်္ကြန်တွင် သမီးငယ်လေးများကလည်း အမျိုးတော်ယိမ်းအကဖြင့် ပါဝင်ဆင်နွှဲကြစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဧရာဝတီတိုင်းအတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၂

ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၈ရက် နံနက်စနာရီတွင် မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝေနှင့် မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွဋ်ဝင်းတို့ကခရိုင်အတွင်း မိုးစပါးနှင့် ဆောင်းသီးနှံ တိုးတက်စိုက်ပျိုး ထုတ်လုပ်နေမှု၊ လာမည့်နှစ် မိုးစပါး၊ရော်ဘာနှင့် ငရုတ်ကောင်းကို တိုးမြှင့်စိုက်ပျိုးရန် ဆောင်ရွက်နေမှု၊ ခရိုင်၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ပေါက်လာစေရန် နိုင်ငံတော်အနေဖြင့်စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိရာ အခြေခံဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတိုးတက်မှ နိုင်ငံတော်လည်း ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို အဓိကအထောက်အကူပြုနေသည့်တိုင်းကြီးဖြစ်ပြီး "နိုင်ငံတော်၏ စပါးကျီ" အဖြစ်သတ်မှတ်ထားရာတွင် မြောင်းမြခရိုင်နှင့် မြောင်းမြမြို့နယ်သည် တိုင်း၏ ဂုဏ်သိက္ခာနှင့် ညီညွတ်စေရန် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ရန် လိုမည်ဖြစ်ကြောင်း။

လုပ်ငန်းစဉ်ကြီး(၅)ရပ်

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ချမှတ်ပေးထားပြီးဖြစ်ရာ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့်ဌာနဆိုင်ရာများသည် အောက်ခြေအထိကွင်းဆင်း၍ ဒေသဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မြောင်းမြမြို့နယ် ခနုံးချောင်း ကျေးရွာရှိ လယ်ယာမြေဇဗ်ဇကေအား (CNG) သုံးရေတင်စက်ဖြင့် ရေသွင်းအသုံးပြုစိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ပမ္မဝတီမြစ်ကူးတံတား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာကြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၅)မှ တာဝန်ယူတည်ဆောက်နေသည့် ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ တံတားအထူး အဖွဲ့(၅)မှ အင်ဂျင်နီယာမှူး ဒေါ်စီသန်းက ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတားတည်ဆောက်မှု၊ မြောင်းမြဘက်ကမ်း ချဉ်းကပ်တံတားတည်ဆောက်နေမှု၊ ဘိုးပိုင်လုပ်ငန်းပြီးစီးမှု၊ ပင်မ တံတားကြီးအတွက် သံမဏိသံပေါင်များ၊ ကြိုးဆိုင်းနှင့်သံမဏိတာဝါများ ရောက်ရှိရန် ဆောင်ရွက်နေမှု၊ စီမံကိန်းလုပ်ငန်း၏၄၀ရာခိုင်နှုန်းပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မြန်မာအမျိုးသမီး အင်ဂျင်နီယာများဖြင့် ဒုတိယမြောက် တည်ဆောက်သော တံတားဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးအတွက် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် သွားလာနိုင်မည့် တံတားကြီးတစ်စင်းဖြစ်၍ ဂုဏ်ယူဖွယ်ရာ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းမီ အမြန်ဆုံးပြီးစီးနိုင်ရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးအတွက်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မြောင်းမြ–အိမ်မဲလမ်း မိုင်တိုင် အမှတ်(၅၉/၀) သို့ ရောက်ရှိပြီး စက်ယန္တရားကြီးဖြင့် လေးမိုင် ငါးဖာလုံအတွင်း မြေသားတာပေါင်မြှင့်တင်ပြီး မြေရောကျောက်စရစ်ပေါ် ကတ္တရာလမ်း အဆတိုးမြှင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များကိုမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက်ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အား ယာယီရှင်းလင်းဆောင်၌ မြောင်းမြခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်ဆွေက လုပ်ငန်းဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းကလိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် အိမ်မဲမြို့သို့ရောက်ရှိကြပြီး အိမ်မဲမြို့နယ် အိမ်မဲချောင်းကူး ကြို့ကုန်းတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးလင်းထိုက်က တံတားတည်ဆောက်မှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် တံတားထိပ်မုခ်ဦးရှေ့တွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် အခမ်းအနားကိုခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်း၊မြောင်းမြခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်ဆွေနှင့် ဒေသခံပြည်သူတစ်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ကြို့ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်ရာ မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်ထွန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလွင်လွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကြို့ကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကိုကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းကအလှူငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က အလှူငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကျောင်းအကျိုးတော်ဆောင် ဦးစိန်ဝင်းမိသားစုက အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ဖျာပုံမြို့မှ ဒေါက်တာဦးကျော်နှင့် ဒေါ်ကျင်ပျံမိသားစု၏ လှူဒါန်းငွေကျပ်နှစ်သိန်းခွဲကို ကိုယ်စားလှယ်တစ်ဦးက လည်းကောင်းပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းကအမှာစကားပြောကြားရာတွင် ယနေ့သည် အိမ်မဲမြို့နယ်၊ ကြို့ကုန်းကျေးရွာအတွက် မင်္ဂလာရှိသောနေ့တစ်နေ့ဖြစ်ကြောင်း၊ကြို့ကုန်းတံတားနှင့် ကြို့ကုန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ကျောင်းဆောင်သစ်ကို ဖွင့်လှစ်နိုင်ခဲ့၍ ကြို့ကုန်းကျေးရွာသာမက အနီးပတ်ဝန်းကျင်မှ ကျေးရွာများအတွက်များစွာ အကျိုးပြုနိုင်ပြီဖြစ်ကြောင်း၊ ယခင်ကဧရာဝတီတိုင်းသည် လမ်းပန်းဆက်သွယ်မှု၊ ဖွံ့ဖြိုးမှု နှေးကွေးခဲ့ပြီး ကားလမ်းဖြင့် နာရီပိုင်းမျှသာကြာမြင့်မည့် ခရီးကို ရေလမ်းခရီးဖြင့် တစ်နေကုန်သွားလာခဲ့ရကြောင်း၊ မိမိတို့ အစိုးရလက်ထက်တွင် ဧရာဝတီတိုင်း အတွင်း၌ ပုသိမ်–ရန်ကုန်ကားလမ်းအပါအဝင် လမ်းမကြီးများ ဖောက်လုပ်နိုင်ခဲ့ပြီး ပေ၁၈၀နှင့်အထက်စီမံကိန်းဝင် တံတားကြီးပေါင်းအစင်း ၄၀ကို ဖွင့်လှစ်ပေးခဲ့နိုင်ခဲ့ရုံသာမက ဖျာပုံတံတား၊ ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်)နှင့် မြို့ကွင်းတံတားတို့ကိုလည်း မကြာမီဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နောင်လာနောင်သားများ အနေဖြင့်လည်း ယခုရရှိပြီးသည့် တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ထိန်းသိမ်းကြရန်နှင့် ဖွင့်လှစ်ပြီး တံတားကြီးနှင့် ကျောင်းဆောင်သစ်တို့ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်ကိုလည်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀၊ အနံပေ ၃၀နှင့် အမြင့် ၁၂ပေရှိပြီး စာသင်ခန်းသုံးခန်းပါဝင်သည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် အိမ်မဲမြို့သို့ ရောက်ရှိကြပြီး အိမ်မဲမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေပြည်တန်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်စေရန်မှာ အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးကောင်းမွန်ရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအချက်များ ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်တွင် အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးမှု ရရှိနေပြီဖြစ်ရာ ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် လိုကြောင်း၊ စီးပွားရေးကောင်းမွန်စေရန်အတွက်လည်း စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

တစ်ပိုင်တစ်နိုင်စိုက်ပျိုး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် အိမ်မဲမြို့ နယ်မြေခံတပ်ရင်းခန်းမသို့ ရောက်ရှိပြီး အရာရှိစစ်သည်နှင့်မိသားစုများအား တွေ့ဆုံ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသခံ ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရေး၊မိသားစုများ၏ပညာရေး၊ ကျန်းမာရေး၊လူမှုရေး၊ သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူ အဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ညနေ ၅နာရီတွင် အိမ်မဲမြို့နှင့် ပန်းတနော်မြို့အကြား မိုးကုတ်ကျေးရွာ အုပ်စု မိုးကုတ်ဒီးဒုတ်ကွင်းရှိ အနောက်တောင်တိုင်း စစ်ဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သိပ္ပံနည်းကျ ဧက ၁၀၀၀ ငါးမွေးမြူရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာရှင်းလင်းဆောင်၌ လုပ်ငန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးမြင့်စိုးနှင့် တာဝန်ရှိသူများက ပထမနှစ်အတွက် ဧက ၂၅၀တွင် ငါးကန်တူးဖော်ပြီးစီး၍ မွေးမြူထားရှိမှု၊ ဧက ၁၀၀ ဆက်လက် တူးဖော်ရန် စီစဉ်နေမှု၊ မွေးမြူထားရှိသည့် ငါးအမျိုးအစား၊ ငါးကောင်ရေနှင့် ကုန်ထုတ်လမ်းကြောင်း အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွေးမြူထားသည့် ငါးမြစ်ချင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာကြရာ ရန်ကုန်မြို့သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာသကြန်
၈:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၉။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄:၅၅	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၅	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် – The Nature and Role of Financial Institition in an Economy (ဒုတိယနှစ်–အိမ်တွင်းစီးပွား)**
၅:၃၅	၁၀။ မြန်မာသကြန်
၅:၄၅	၁၁။ သာယာသင်္ကြေ့ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ မြန်မာသကြန်
၆:၄၅	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: ကျောက်မဖြစ်တဲ့နှလုံးသားရုပ်ကြွင်း (အပိုင်း–၆)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ ဗွီစီဒီကျော်ကြားတေးများ
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: "မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး" (အပိုင်း–၁၇)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

အထွက်နှုန်းပြည့်မီရေးနှင့် စက်မှုလယ်ယာစနစ် ကူးပြောင်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း။

စက်မှုဇုန် ၁၉ ဇုန်

စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရှိပြီးသားစက်ရုံများကို စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး၊ စက်ရုံအသစ်များ တည်ဆောက်ရေးနှင့်ပုဂ္ဂလိကစက်မှုဇုန်များ တည်ထောင်ပေးရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ပုဂ္ဂလိကစက်မှုဇုန် ၁၉ဇုန်နှင့် ပုဂ္ဂလိကစက်ရုံပေါင်း ၄၂၇၀၇ရုံ၊ နိုင်ငံပိုင်စက်ရုံ ၈၃၃ရုံ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းပေါင်း ၈၅၀၀ တို့ကို တည်ဆောက်ထူထောင်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ခြုံလိုက်လျှင် လွန်ခဲ့သည့် ဆယ်စုနှစ်ကာလမှစပြီး မိမိတို့နိုင်ငံသည် အစစအရာရာ အဘက်ဘက်၌ အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လျက်ရှိနေကြောင်း၊ မြို့ပြများသာမက ကျေးလက်ဒေသများပါ နေထိုင်သုံးစွဲမှုပုံသဏ္ဍာန်ပြောင်းလဲလာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာလျက်ရှိကြောင်း။

နှုတ်ခွန်းဆက်စကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြီးခဲ့သည့် ကာလအတွင်းက ဖွင့်လှစ်ခဲ့သည့် ရေအားလျှပ်စစ် စက်ရုံများဖြစ်သော စစ်ကိုင်းတိုင်းမှ သဖန်းဆိပ်စက်ရုံ၊ မကွေးတိုင်းမှ မုန်းချောင်းစက်ရုံနှင့် မန္တလေးတိုင်းမှ ပေါင်းလောင်း စက်ရုံများကို ကြည့်လျှင် သဖန်းဆိပ်စက်ရုံက မဂ္ဂါဝပ် ၃၀၊ မုန်းစက်ရုံက ၇၅မဂ္ဂါဝပ်၊ ပေါင်းလောင်းစက်ရုံက မဂ္ဂါဝပ် ၂၈၀ အသီးသီး ထုတ်လုပ်နိုင်အားရှိသည့်အတွက် လက်ရှိ တီကျစ်စက်ရုံနှင့်ပါ ပေါင်းလိုက်လျှင် စက်ရုံသစ်များ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်စွမ်းသည် မဂ္ဂါဝပ် ၄၀၀ ကျော် ရှိသွားပြီ။



တိုတောင်းသည့် ဆယ်နှစ်ကျော်ကာလအတွင်း ယခုကဲ့သို့ ရှမ်းပြည်နယ်အနေဖြ
နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်မူဝါဒနှင့် ဖြူစင်သည့်စေတနာအပေါ် တိုင်းရင်းသားပြည်သ

✾ **ရှေ့ဖုံးမှ**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားအကြီးစားစက်ကိရိယာကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊တောင်ကြီးခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို တင်ပြကြေညာသည်။

မဂ္ဂါဝပ် ၁၂၀

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ လွန်ခဲ့သည့် သုံးနှစ်ကျော်လောက်ကစပြီး အားသွန်ခွန်စိုက်တည်ဆောက်လာခဲ့ကြသည့် ပင်လောင်းမြို့နယ် တီကျစ်ဒေသ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးသည် ယနေ့တွင် အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ လုပ်ငန်းပမာဏကြီးမားသည့် စက်ရုံကြီးတစ်ခုဖြစ်ပြီး တီကျစ်ဒေသမှထွက်ရှိသည့် ကျောက်မီးသွေးများကို အသုံးပြုကာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်ပေးနိုင်မှာဖြစ်ကြောင်း၊ မဂ္ဂါဝပ်၆၀စီ ထုတ်လုပ်နိုင်သည့် ရေနွေးငွေ့သုံး တာဘိုင်စက်ကြီးနှစ်လုံး တပ်ဆင်ထားခြင်းဖြစ်ကြောင်း၊ စက်ရုံကထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ထားပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်နေမှုကို အတိုင်းအတာတစ်ရပ်အထိ အထောက်အကူပြု ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် နိုင်ငံ့တာဝန်ကို စတင်ယူခဲ့ရစဉ်ကစ၍ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏ မူဝါဒအဖြစ်ခံယူပြီး ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးဆိုသည့် ရည်မှန်းချက်ဖြင့် နိုင်ငံတော်ကို နေ့မအားညမနား ကြိုးပမ်းတည်ဆောက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်ပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာတမံများ၊ ဆည်မြောင်းများကို လိုအပ်သည့်နေရာတိုင်း၌ အစုအဖွဲ့လိုက်တည်ဆောက်လျက်ရှိရာ ယခုအခါ ဆည်တမံပေါင်း ၁၇၂ခု တည်ဆောက်ပြီးစီးခဲ့ပြီး တည်ဆောက်ဆဲ ဆည်တမံစီမံကိန်းလုပ်ငန်း ၃၁ခုကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ စိုက်ပျိုးမြေအပိုင်းတွင် ၁၉၈၈ခုနှစ်က စိုက်ပျိုးမြေဧက ၂၄ဒသမ ၈သန်းရှိခဲ့ရာမှ ယခုအခါ ၂၆ဒသမ ၆သန်းအထိ တိုးတက်လာခဲ့ပြီး စိုက်ပျိုးရေးစွမ်းအားလည်း သိသိသာသာ မြင့်မားလာခဲ့ကြောင်း၊ ပန်းတိုင်



ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဤကဲ့သို့အခြေအနေတွင် တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏသည်လည်း တစ်နှစ်ထက်တစ်နှစ် သိသာစွာမြင့်မားလာနေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏ မြင့်မားလာသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မဂ္ဂါဝပ် ၄၀၀ကျော်

ပြီးခဲ့သည့်ကာလအတွင်းက ဖွင့်လှစ်ခဲ့သည့် ရေအားလျှပ်စစ်စက်ရုံများဖြစ်သော စစ်ကိုင်းတိုင်းမှ သဖန်းဆိပ်စက်ရုံ၊ မကွေးတိုင်းမှ မုန်းချောင်းစက်ရုံနှင့် မန္တလေးတိုင်းမှ ပေါင်းလောင်းစက်ရုံများကိုကြည့်လျှင် သဖန်းဆိပ်စက်ရုံက မဂ္ဂါဝပ် ၃၀၊ မုန်းစက်ရုံက ၇၅ မဂ္ဂါဝပ်၊ ပေါင်းလောင်းစက်ရုံက မဂ္ဂါဝပ် ၂၈၀ အသီးသီး ထုတ်လုပ်နိုင်အားရှိသည့်အတွက် လက်ရှိ တီကျစ်စက်ရုံနှင့်ပါ ပေါင်းလိုက်လျှင် စက်ရုံသစ်များ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်စွမ်းသည် မဂ္ဂါဝပ် ၄၀၀ ကျော် ရှိသွားပြီဖြစ်ကြောင်း။

ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်ထားသည့် ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံမှာ လူသိများသည့် လောပိတရေအား လျှပ်စစ်စက်ရုံထက် ပိုမိုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်အားရှိသော နိုင်ငံတော်၏ အကြီးစားရေအားလျှပ်စစ်စက်ရုံကြီးဖြစ်ကြောင်း၊ ဤတီကျစ်စက်ရုံထက် နှစ်ဆကျော်ဓာတ်အားထုတ်လုပ်နိုင်စွမ်းရှိကြောင်း။

သို့သော်လည်း ရေအားလျှပ်စစ်စက်ရုံများ၏ သဘောသဘာဝသည် မိုးရာသီမှာသာ စက်စွမ်းအားပြည့် လည်ပတ်နိုင်ပြီး နွေရာသီတွင် စုဆောင်းသိုလှောင်ထားသည့် ရေပမာဏအပေါ်တည်မှီပြီး စက်များကို အလှည့်ကျလည်ပတ်ရခြင်းဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံး စက်စွမ်းအားပြည့် လည်ပတ်ရန်

အခွင့်အလမ်းနည်းပါကြောင်း၊ ယခု ကျေ
မီးသွေး ပုံမှန်အရည်အသွေးမှန် ရနေမှာဖြစ်
၁၂ရာသီလုံး ပုံမှန်ဓာတ်အား ထုတ်လုပ်နို

ထို့ကြောင့် တီကျစ်စက်ရုံ၌ အရေး
အရည်အသွေးမှန်မှန်နှင့် အချိန်မှန်မှန်ထုေ
လိုသကဲ့သို့ စက်ရုံ၌ စက်များကို ကိုင်
စက်အစိတ်အပိုင်းများကို စနစ်ကျစွာ ထိန်
ကြောင်း၊ ဤအတွက်လည်း သက်ဆိုင်ရာ
တာဝန်ကို စေတနာနှင့်ပေါင်းစပ်ပြီး ဂရုတ
လိုကြောင်း။

ယနေ့ဖွင့်လှစ်သည့် တီကျစ်ဓာတ်အ
ပင်လောင်းဒေသ၌ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးေ
ထည်ထည်ဝါဝါ ရပ်တည်နေပြီဖြစ်ကြော
ဆောက်ပြီးစီးသည့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးေ



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားတွင် စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်း ကျောက်စာကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

…ှမ်းပြည်နယ်အနေဖြင့် မြင်သာထင်သာ တိုးတက်ဖွံ့ဖြိုးလာခြင်းမှာ …ပေါ် တိုင်းရင်းသားပြည်သူများက နားလည်မှုရှိရှိ ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်

အခွင့်အလမ်းနည်းပါကြောင်း၊ ယခု ကျောက်မီးသွေးစက်ရုံမှာမူ လောင်စာမီးသွေး ပုံမှန်အရည်အသွေးမှန် ရနေမှာဖြစ်သည့်အတွက် စက်ချို့ယွင်းမှုမှအပ ၁၂ရာသီလုံး ပုံမှန်ဓာတ်အား ထုတ်လုပ်နိုင်သည့် အားသာချက်ရှိကြောင်း။

ထို့ကြောင့် တီကျစ်စက်ရုံ၌ အရေးကြီးသည်မှာ ကျောက်မီးသွေးကို အရည်အသွေးမှန်မှန်နှင့် အချိန်မှန်မှန်ထုတ်လုပ်ပြီး စက်ရုံကို ပေးပို့နိုင်ရန် လိုသကဲ့သို့ စက်ရုံ၌ စက်များကို ကိုင်တွယ်မောင်းနှင်နေသူများကလည်း စက်အစိတ်အပိုင်းများကို စနစ်ကျစွာ ထိန်းသိမ်းကိုင်တွယ်နိုင်ကြရန် လိုအပ်ကြောင်း၊ ဤအတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် တာဝန်ကို စေတနာနှင့်ပေါင်းစပ်ပြီး ဂရုတစိုက် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယနေ့ဖွင့်လှစ်သည့် တီကျစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ် ပင်လောင်းဒေသ၌ လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၌ အခြား တည်ဆောက်ပြီးစီးသည့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး အခြေခံစက်ရုံများကို ကြည့်မည်ဆိုလျှင် ဇော်ဂျီမြစ်နှင့်ဆက်နွှယ်သည့် ရေအားလျှပ်စစ်စက်ရုံများဖြစ်သော တပ်ကြီးစက်ရုံ၊ ဇော်ဂျီ(၁)စက်ရုံ၊ ဇော်ဂျီ(၂)စက်ရုံတို့ကို တွေ့ရမှာဖြစ်ကြောင်း၊ အခြားရေအားလျှပ်စစ်စက်ရုံများဖြစ်သည့် နမ့်ဆောင်ငေါင်စက်ရုံ၊ နမ့်မျှော်စက်ရုံ၊ နမ့်ဝုတ်စက်ရုံ၊ မယ်ပန်ချောင်းစက်ရုံ၊ နမ့်စောင်းချောင်းစက်ရုံစသည့် စက်ရုံ အငယ်စားပေါင်း ၁၂ရုံခန့်ရှိကြောင်း၊ အဆိုပါစက်ရုံအများစုသည် မဟာဓာတ်အားလိုင်းနှင့် ဆက်စပ်မှုမရှိဘဲ သက်ဆိုင်ရာဒေသသုံးအတွက်သာ တည်ဆောက်ထားခြင်းဖြစ်ကြောင်း။

ဖိုဖိုစီးစီးကြိုးပမ်း

မဟာဓာတ်အားလိုင်းနှင့် ဆက်စပ်အကျုံးဝင်သည့် တည်ဆောက်နေဆဲ ရေအားလျှပ်စစ်စီမံကိန်းများဆိုလျှင် မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်နိုင်အားရှိသည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းကြီးနှင့်၅၄မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းတို့ဖြစ်ကြောင်း၊ ဤစီမံကိန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် တိုက်တိုက်တွန်းတွန်း ဖိုဖိုစီးစီး ကြိုးပမ်းဆောင်ရွက်နေကြောင်း။

အလားတူ ကြိုးပမ်းတည်ဆောက်နေဆဲ ရေအားလျှပ်စစ်စက်ရုံစီမံကိန်းများကို ကြည့်မည်ဆိုလျှင် မန္တလေးတိုင်း၌ ဒုဋ္ဌဝတီမြစ်ပေါ်တွင် တည်ဆောက်နေသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးဖြစ်ကြောင်း၊ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်နိုင်အားရှိမှာဖြစ်သည့်အတွက် နိုင်ငံတော်၌ လက်ရှိအကြီးဆုံး ရေအားလျှပ်စစ်စက်ရုံစီမံကိန်းဖြစ်ကြောင်း။

ထို့အတူ ပဲခူးတိုင်း၊ စစ်တောင်းမြစ်ဝှမ်းတစ်လျှောက်တွင်လည်း မဂ္ဂါဝပ် ၇၅ အားရှိသည့် ရွှေကျင်စီမံကိန်း၊ မဂ္ဂါဝပ် ၃၀အားရှိသည့် ခပေါင်းစီမံကိန်း၊ မဂ္ဂါဝပ် ၄၀အားရှိသည့် ဖြူးချောင်းစီမံကိန်း၊ မဂ္ဂါဝပ်၆၀အားရှိသည့် ကွန်းချောင်းစီမံကိန်း၊ ၂၅မဂ္ဂါဝပ်အားရှိသည့် ရဲနွယ်စီမံကိန်းတို့ကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် တည်ဆောက်နေကြောင်း။

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ C.H.M.C ဥက္ကဋ္ဌ Mr. Lu Wenjun တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဤစီမံကိန်းများသည် လာမည့်နှစ်များအတွင်း ရေ့စဉ်နောက်ဆက်ဆိုသကဲ့သို့ ပြီးစီးတော့မှာဖြစ်သည့်အတွက် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို နိုင်နိုင်နင်းနင်း ဖြည့်ဆည်းပေးနိုင်တော့မှာဖြစ်ကြောင်း။

လက်တွေ့ခံစား

ဤကဲ့သို့ တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအားဖြင့် လိုအပ်သည့် လျှပ်စစ်စွမ်းအားအခြေခံများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကြပ်မတ်လမ်းညွှန်ပြီး တည်ဆောက်အကောင်အထည် ဖော်နေသကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြံနိမ့်မြင့် ကွာဟမှုများ လျော့နည်းကျဆင်းလာအောင် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများဖြစ်သည့် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုဆိုင်ရာစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး အထူးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ် ငါးရပ်တို့ကို ချိတ်ဆက်ပြီး ကွက်ပြည့်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူများအကြားတွင်လည်း ဤဖွံ့ဖြိုးရေးစီမံကိန်းများနှင့်စပ်လျဉ်းပြီး အသိများလာသကဲ့သို့ စီမံကိန်းများ၏ အကျိုးသက်ရောက်မှုကိုလည်း ဒေသအလိုက် လက်တွေ့ခံစားနေကြပြီဖြစ်ကြောင်း။

ရှမ်းပြည်နယ်သည် တစ်ချိန်တစ်ခါက တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းမျိုးစုံတို့၏ ပယောဂအမျိုးမျိုးတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်နှင့် အလှမ်းဝေးခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဤအခြေအနေတွင် လုံခြုံမှုလည်းမရှိ၊ ရှမ်းပြည်နယ်အတွင်း ဒေသတစ်ခုနှင့်တစ်ခုအကြား လမ်းပန်းဆက်သွယ်မှုလည်း မကောင်းသည့်အတွက် ဒေသခံ တိုင်းရင်းသားအချင်းချင်းပင် လွယ်လွယ်ကူကူ သွားလာထိတွေ့ဆက်ဆံရန် ခက်ခဲခဲ့ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ရှမ်းပြည်နယ်၏ နိုင်ငံရေးပထဝီအနေအထားအရ တောင်ကြီးဒေသအပြင် လားရှိုးဒေသ၊ ကျိုင်းတုံဒေသတို့ကိုပါ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသများအဖြစ် တိုးချဲ့သတ်မှတ်ပြီး ကျယ်ပြန့်လှသည့် ရှမ်းပြည်နယ်ကို ကွက်ပြည့်ဖွံ့ဖြိုးအောင် စီမံပေးခဲ့ကြောင်း၊ ယနေ့ဆိုလျှင် ပြည်ထောင်စုစိတ်ဓာတ်အခြေခံရာ ပင်လုံဒေသကို ဖွံ့ဖြိုးရေးဒေသအဖြစ် တိုးချဲ့သတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အခြေချလုပ်ကိုင်ပေးနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးရေးဒေသလေးခုဖြင့် ဖွဲ့စည်းထားသည့်



ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားတွင်လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်တင်ထွတ် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်သည် စီးပွားရေးအရ၊ အုပ်ချုပ်ရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ၊ လမ်းပန်းဆက်သွယ်ရေးအရ ဘက်စုံကဏ္ဍစုံမှ မြန်မြန်ဆန်ဆန်တိုးတက်ဖွံ့ဖြိုးနေပြီဖြစ်ကြောင်း၊ ပညာတတ် လူ့အရင်းအမြစ်များ မွေးထုတ်နိုင်သည့် တက္ကသိုလ်၊ ကောလိပ်များလည်း အစီအရီ ပေါ်ထွက်နေပြီဖြစ်ကြောင်း။

လုံခြုံတည်ငြိမ်ငြိမ်းချမ်း

တစ်ဖက်မှလည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်မှု၊ နားလည်မှု၊ စာနာမှုတို့ကို အခြေခံသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ကျယ်ပြန့်စွာ တည်ဆောက်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအကြား လက်တွဲပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာကြောင်း၊ နယ်မြေဒေသအနှံ့ လုံခြုံမှု၊ တည်ငြိမ်မှု၊ ငြိမ်းချမ်းမှု ရရှိလာကြောင်း။

အောင်ပန်း–ပင်လောင်း–လွိုင်ကော်ရထားလမ်း၊ ရွှေညောင်–ရပ်စောက်ရထားလမ်း၊ ရွှေညောင်–တောင်ကြီးရထားလမ်း၊ တောင်ကြီး–ဘန်းယဉ်–ဆိုက်ခေါင်–ပြင်သာယာ–ပွန်ချောင်းအပိုင်း၊ နမ့်စန်–မိုင်းစိတ်–ကောင်းခိုင်းအပိုင်း စသည့် ရထားလမ်းကြောင်းသစ်များ၊ ရပ်စောက်–ကျောက်ဂူ–နောင်ချိုလမ်း၊ ဟန်မြင့်မိုရ်–မြို့ကြီး–ရွာငံလမ်း၊ ပင်လောင်း–ပျဉ်းမနားလမ်း စသည့် မော်တော်ကား လမ်းကြောင်းသစ်များ အသီးသီး ထွက်ပေါ်လာခဲ့ပြီးဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင်လည်း လမ်းဟောင်းများကို အဆင့်မြှင့်ထားသကဲ့သို့ ဟဲဟိုးလေဆိပ်၊ လားရှိုးလေဆိပ်၊ ကျိုင်းတုံလေဆိပ်၊ တာချီလိတ်လေဆိပ်၊ နမ့်စန်လေဆိပ်တို့သည်လည်း အဆင့်မြင့်မြင့် တည်ဆောက်ထားပြီးဖြစ်ကြောင်း။

ပြည်နယ်၏ မြို့တော်တောင်ကြီးနှင့်အတူ လားရှိုး၊ ကျိုင်းတုံ၊ ကလော၊ ညောင်ရွှေ၊ ရပ်စောက်၊ တာချီလိတ်၊ မူဆယ်၊ မိုင်းလား စသည့် မြို့များသည်လည်း ခေတ်စနစ်နှင့်အညီ အပြိုင်အဆိုင် ဖွံ့ဖြိုးသာယာစည်ကားလာနေသည်ကို မျက်မြင်ပင် ဖြစ်ကြောင်း၊ လားရှိုးမြို့သည် ကုန်စည်ရောင်းဝယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ ကျိုင်းတုံမြို့သည်လည်း သံလွင်မြစ်၏ အရှေ့ဘက်ကမ်းမြို့တော်အဖြစ် အဆင့်အတန်းရှိရှိ တိုးတက်လာလျက်ရှိကြောင်း။

တိုတောင်းသည့် ဆယ်နှစ်ကျော်ကာလအတွင်းတွင် ယခုကဲ့သို့ ရှမ်းပြည်နယ်အနေဖြင့် မြင်သာထင်သာ တိုးတက်ဖွံ့ဖြိုးလာခြင်းမှာ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် မူဝါဒနှင့် ဖြူစင်သည့်စေတနာ၊ ဤမူဝါဒနှင့် ဤစေတနာများအပေါ်တွင် သက်ဆိုင်ရာ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူများက နားလည်မှုရှိရှိ ပူးပေါင်းပါဝင် အကောင်အထည်ဖော်နိုင်မှုတို့ကြောင့်ပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် တပ်မတော်အစိုးရ၏ နိုင်ငံ့ဝန်ထမ်းနှင့် ဒေသခံတိုင်းရင်းသားညီအစ်ကိုအားလုံး တက်ညီလက်ညီ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ခဲ့ကြ၍ ဖြစ်ကြောင်း။

အားထည့်အကောင်အထည်ဖော်

ဤနေရာတွင် **"မိမိနိုင်ငံ၏ အကျယ်အဝန်း၊ သယံဇာတနှင့် လူဦးရေ အနေအထားအရ မိမိတို့ တိုင်းရင်းသားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တွေကို ပြည့်စုံအောင် ဖိုဖိုစီးစီး လုပ်ကိုင်ဆောင်ရွက်နိုင်ပါက မိမိတို့နိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတဲ့ ထိပ်တန်းနိုင်ငံ ဖြစ်လာနိုင်တယ်"၊ "နိုင်ငံတော်အစိုးရဟာ မိဘသဖွယ် မိမိရဲ့ သွေးသားတွေဖြစ်တဲ့ တိုင်းရင်းသားများ ကောင်းစားရေး၊ ၎င်းတို့ရဲ့ အနာဂတ်ကောင်းမွန်ရေးအတွက် ဘက်စုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါတယ်"** ဆိုသည့် နိုင်ငံတော်အကြီးအကဲ၏

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

တီကျစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်များပါ ထည့်သွင်းစဉ်းစား ခေတ်မီနည်းပညာနှင့် စက်ကိရိယာများတပ်ဆင်ထား၍ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ပျက်စီးမှုများဖြစ်ပေါ်လာမည်မဟုတ်

❐ စာမျက်နှာ ၉မှ

မိန့်ကြားချက်ကို အလေးအနက်နှလုံးသွင်းပြီး တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်အားထည့် အကောင်အထည်ဖော်သွားကြရန် လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

ခရီးပေါက်နေ

ခေတ်မီနိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများကို ပြည့်စုံလုနီးပါး ခိုင်ခိုင်မာမာ ဝိုင်းဝန်းတည်ဆောက်နိုင်သည့်အတွက်လည်း ယနေ့ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို စတင်ခံစားခွင့်ရနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ တိုင်းပြည်၏ အခြေခံကောင်း၊ အနေအထားကောင်းများကို အခြေခံအားယူပြီး တိုင်းရင်းသားပြည်သူများလိုလားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ချောမောစွာအသွင်ကူးပြောင်းနိုင်ရေးအတွက် တိကျသည့် ရှေ့လုပ်ငန်းစဉ် အဆင့်ဆင့်ကို ချမှတ်ထားပြီး ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကိုလည်း တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်အစုံ၊ လူထုလူတန်းစားအလွှာစုံတို့ဖြင့် တက်တက်ကြွကြွ၊ ညီညီညွတ်ညွတ် အောင်အောင်မြင်မြင် ကျင်းပလျက်ရှိနေကြောင်း၊ အမျိုးသားညီလာခံတွင် အနာဂတ်နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် လိုအပ်သည့် အခြေခံမူများကို ချမှတ်ရာတွင်လည်း အတော်ခရီးပေါက်နေပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံအပါအဝင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကို အမျိုးသားအင်အားစုများ၏ စည်းလုံးညီညွတ်သည့် စွမ်းအားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်သွားကြရမှာ ဖြစ်သည့်အတွက် တိုင်းရင်းသားပြည်သူအားလုံးက မျိုးချစ်စိတ်ဓာတ်ရှိရှိ၊ နိုးနိုးကြားကြား ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်းအကောင်အထည်ဖော်သွားကြရန် အရေးကြီးကြောင်း။

နိဂုံးချုပ်အားဖြင့် တီကျစ်ဓာတ်အားပေးစက်ရုံအပါအဝင် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းများမှ လျှပ်စစ်ဓာတ်အားစဉ်ဆက်မပြတ် ထုတ်လုပ်ဖြန့်ဖြူးပြီး ပြည်သူများအား လျှပ်စစ်အလင်းရောင်ပေးနိုင်အောင် ကြိုးပမ်းသကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးအလင်းရောင်ကြီး အစဉ်ထွန်းပြောင်နေအောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တာဝန်သိသိ၊ သစ္စာရှိရှိ ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က အမှာစကားပြောကြားရာ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း နှစ်စဉ်တိုးတက်သုံးစွဲနေသည့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပြည့်မီအောင်

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေး စက်ရုံဖွင့်ပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဖြည့်ဆည်းပေးနိုင်ရန် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ၊ စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ၊ ရေအားလျှပ်စစ်စက်ရုံများကို တိုးချဲ့တည်ဆောက်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

ဓာတ်အားသုံးစွဲမှုများပြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်အတွက် စက်ရုံအလုပ်ရုံများ တိုးချဲ့ထူထောင်လာခြင်း၊ အဆင့်မြင့်အိမ်ရာများ တည်ဆောက်လာခြင်း၊ စိုက်ပျိုးရေးအတွက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ အမြောက်အမြားဆောင်ရွက်ပေးခြင်း၊ ပြည်သူများလူနေမှုအဆင့်အတန်း မြင့်မားလာခြင်း၊ ကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီးတွင်လည်း ခေတ်မီနည်းပညာနှင့် စက်ကိရိယာများ အသုံးပြုခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အဆမတန်တိုးတက်များပြားလာနေကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် တီကျစ်ဒေသမှထွက်ရှိသည့် ကျောက်မီးသွေးကို အကျိုးရှိစွာအသုံးပြုပြီး ဓာတ်အားမဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်မည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား စတင်ထုတ်လုပ်ဖြန့်ဖြူးစဉ်က ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်များဖြင့် စတင်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ရန်ကုန်မြို့၌ မဂ္ဂါဝပ် ၃၀ ကျောက်မီးသွေးလောင်စာသုံး အလုံနှင့် ရွာမ ဓာတ်အားပေးစက်ရုံနှစ်ရုံဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ကြောင်း။

ထိုစဉ်က ဓာတ်အားပေးစက်ရုံများ၏ စက်တစ်လုံးချင်းစီသည် ၁၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်များသာဖြစ်ပြီး တီကျစ်ဓာတ်အားပေးစက်ရုံသည် စက်တစ်လုံးတွင် မဂ္ဂါဝပ် ၆၀ တပ်ဆင်ထားသည့်အတွက် ယခင်အသုံးပြုဖူးသော စက်ထက် ခြောက်ဆကြီးမားကြောင်း၊ ထို့ကြောင့် ကျောက်မီးသွေးလောင်စာ သယ်ပို့ခြင်း၊ ဘွိုင်လာအပူပေးခြင်း၊ ရေသန့်စင်ခြင်း၊ ဓာတ်အားပေးစက်ထိန်းချုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားကွပ်ကဲခြင်းစသည့် များပြားလှသော ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ ထိန်းသိမ်းမောင်းနှင်ရေးလုပ်ငန်းအဆင့်ဆင့်ကို ပြည်တွင်းရော ပြည်ပမှာပါ သင်တန်းများဖွင့်လှစ်ပြီး လူသစ်များကို လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း။

ပတ်ဝန်းကျင် မညစ်ညမ်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားကာ ဖွံ့ဖြိုးပြီးနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၌ လက်ရှိအသုံးပြုနေသည့် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများကို တပ်ဆင်အသုံးပြုထားသည့်အတွက် တီကျစ်ဓာတ်အားပေးစက်ရုံကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှုများဖြစ်ပေါ်လာမည် မဟုတ်ကြောင်း၊ တီကျစ်ဓာတ်အားပေးစက်ရုံအတွက် နိုင်ငံတော်အစိုးရက နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၉သန်း အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း။

ယနေ့ဖွင့်လှစ်သည့် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၌ မဂ္ဂါဝပ် ၆၀ ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် တာဘိုင်စက် နှစ်လုံးတပ်ဆင်ထားပြီး စုစုပေါင်း မဂ္ဂါဝပ် ၁၂၀ ဓာတ်အားပေးနိုင်မှာဖြစ်ကြောင်း၊ တာဘိုင်စက်နှစ်လုံးအနက် ပထမစက်တစ်လုံးကို ၂၀၀၄ခုနှစ်အတွင်း တပ်ဆင်ပြီးစီးပြီးဖြစ်သည့်အတွက် ယခုအချိန်တွင် စက်စွမ်းအားပြည့် ဓာတ်အားထုတ်လုပ်ကာ မဟာဓာတ်အားလိုင်း ကွန်ရက်နှင့် ချိတ်ဆက်ပြီး ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ဒုတိယအမှတ်(၂)စက်မှာလည်း စက်အစိတ်အပိုင်းများ အပြီးသတ် တပ်ဆင်ပြီးစီးပြီဖြစ်သည့်အတွက် လိုအပ်သော စက်တပ်ဆင်မှုနှင့် စမ်းသပ်မှုများဆက်လက်ပြုလုပ်ကာ ယခုဧပြီလ နောက်ဆုံးပတ်အတွင်း ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးသွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။



ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ် ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲ အခမ်းအနားတွင် တီကျစ်ဒေသမှ တိုင်းရင်းသားပြည်သူတစ်ဦး ဖြစ်သည့် ဦးခွန်တင်အောင် ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

လေ့လာတွေ့ရှိ

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် ဓာတ်အားပေးစက်ရုံသည် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကဲ့သို့ ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းစဉ်လွယ်ကူရှင်းလင်းမှုမရှိဘဲ လုပ်ငန်းစဉ်များ အထူးများပြားရှုပ်ထွေးကြောင်းကို လေ့လာတွေ့ရှိရကြောင်း။

မိမိအနေဖြင့် ဤစက်ရုံသို့ လာရောက်အားပေးတိုင်း မြန်မာ၊တရုတ်ကျွမ်းကျင်သူပညာရှင်များ၊ ဝန်ထမ်းများ၊ လုပ်သားများသည် ကျရာတာဝန်များကိုမညည်းမညူ ကြိုးစားဆောင်ရွက်ကြသည်ကို တွေ့ရှိရပါကြောင်း။

ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သော်လည်း ဤစက်ရုံမှာမူ အမှုန့်ခါချစက်နှင့် မီးခိုး၌ပါလာသော ကန့်ဓာတ်ကို ဖယ်ထုတ်သည့်စနစ်ကို ခေတ်မီစွာ ဖြည့်စွက်တပ်ဆင်ထားသည့်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်မှုပြုထားကြောင်း လေ့လာသိရှိရကြောင်း။

မိမိတို့တိုင်းစစ်ဌာနချုပ်အတွင်း၌ မိုးဗြဲဓာတ်အားပေးစက်ရုံ၊ လောပိတဓာတ်အားပေးစက်ရုံ၊ ဇော်ဂျီဓာတ်အားပေးစက်ရုံစသည်ဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံများ ရှိပြီးဖြစ်ရာ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံတည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို သုံးပုံတစ်ပုံခန့် ဖြည့်ဆည်းပေးနိုင်မှာဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

သံလွင်ရေအားလျှပ်စစ်

ထို့ပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၇၁၀၀ရရှိမည့် မြန်မာနိုင်ငံ၌ အကြီးမားဆုံး သံလွင်ရေအားလျှပ်စစ်စီမံကိန်းကို တာဆန်း၌ အကောင်အထည်ဖော်လျက်ရှိရာ ဤစီမံကိန်းပြီးစီးသွားပါက မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အား အများဆုံးထုတ်ပေးနိုင်မှာဖြစ်ကြောင်း။

ဓာတ်အားပေးစက်ရုံများ ပုံမှန်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၌သာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်ထောင်စုသားအားလုံးတွင်လည်း တာဝန်ရှိသည့်အတွက် စက်ရုံများ အဆက်မပြတ်လည်ပတ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်းဖြင့် ပြောကြားသွားသည်။

ကျေးဇူးတင်စကား

ထို့နောက် တီကျစ်ဒေသမှ တိုင်းရင်းသားပြည်သူတစ်ဦးဖြစ်သည့် ဦးခွန်တင်အောင်က တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီးစီးဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ☆

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပြည့်စုံအောင် ထူထောင်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တက်ညီလက်ညီ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်

☆ စာမျက်နှာ ၁၀ မှ

ပြည်သူများအား နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက် ထူထောင်ရာ၌ လျှပ်စစ်စွမ်းအားသည် မရှိမဖြစ် လိုအပ်လာကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ခေတ်မီလျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများကို စီမံချက်ချ၍ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

မြို့ကြီးပြကြီးများ၊ စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများအတွက်သာမက ကျေးလက်ဒေသများကိုပါ တိုးချဲ့၍ လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် ကျေးလက်ဒေသသုံး တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်စက်ရုံငယ်များ၊ သဘာဝ စွန့်ပစ်ပစ္စည်းသုံး လျှပ်စစ်စက်ရုံငယ်များကိုလည်း ဆက်လက်တိုးချဲ့ထူထောင်သွားကြရန် လိုအပ်ကြောင်း။

လူသားအရင်းအမြစ်

တိုင်းပြည်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ထူထောင်ရာ၌ လျှပ်စစ်စွမ်းအားအပြင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်ကြောင်း။

ထို့ကြောင့် ပညာတတ် လူ့အရင်းအမြစ်များကို ဒေသအလိုက်လေ့ကျင့်မွေးထုတ်ပေးနိုင်အောင် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသအသီးသီး၌ လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များကို ထူထောင်ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း။

ထို့အတူ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်ရာ၌လည်း တိုင်းပြည်၌ ပညာအရည်အချင်း အဆင့်အတန်းရှိသော လူ့အရင်းအမြစ်များရှိနေရန် လိုအပ်ကြောင်း။

တက်ညီလက်ညီ

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ပြည့်စုံအောင် ထူထောင်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် တက်ညီလက်ညီ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မင်္ဂလာမဏ္ဍပ်မှ ဖဲကြိုးဖြတ်ဖွင့်လှစ်မည့်နေရာသို့ သွားရောက်ကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ C.H.M.C ဥက္ကဋ္ဌ Mr. Lu Wenjun တို့သည် ဖဲကြိုးဖြတ်၍ စက်ရုံကိုဖွင့်လှစ်ပေးကြသည်။

မော်ကွန်းကျောက်စာတိုင်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စက်ခလုတ်နှိပ်၍ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးပြီး နံ့သာရည်များပက်ဖျန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ C.H.M.C ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ ထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ထိန်းချုပ်ခန်း၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား C.H.M.C ဥက္ကဋ္ဌက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တာဘိုင်အင်ဂျင်ခန်းများ၊ ဘွိုင်လာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကျောက်မီးသွေးတူးဖော်ရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံသို့ ကျောက်မီးသွေးပေးသွင်းသည့် ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြပြီး ကျောက်မီးသွေးတူးဖော်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ၄–၉–၂၀၀၂မှ စတင်တည်ဆောက်ခဲ့ပြီး ၃၁–၃–၂၀၀၅ တွင် ပြီးစီးခဲ့သည်။

ရှမ်းပြည်နယ်ပင်လောင်းမြို့နယ် တီကျစ်ဒေသ၌ တည်ဆောက် ပြီးစီးသွားသည့် တီကျစ် ကျောက်မီးသွေးသုံးရေနွေးငွေ့ ဓာတ်အားပေးစက်ရုံသို့ ကျောက်မီးသွေးပေးသွင်းသည့် ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ဤစက်ရုံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ C.H.M.C ကုမ္ပဏီ၊ မြန်မာနိုင်ငံမှ ဒေင်ကုမ္ပဏီတို့က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံတွင် မဂ္ဂါဝပ် ၆၀ ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် တာဘိုင်စက်နှစ်လုံး တပ်ဆင်ထားရာ စုစုပေါင်း မဂ္ဂါဝပ် ၁၂၀ထုတ်ပေးနိုင်သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သည်။

တာဘိုင်စက်နှစ်လုံးအနက် တစ်လုံးကို ၂၀၀၄ခုနှစ်အတွင်း တပ်ဆင်ပြီးစီးခဲ့ပြီး ယခုအခါ စက်စွမ်းအားပြည့် ထုတ်လုပ်လျက်ရှိသည်။

ဒုတိယတာဘိုင်စက်တစ်လုံးကို စက်အစိတ်အပိုင်းများ အပြီးသတ် တပ်ဆင်ပြီးပြီဖြစ်၍ လိုအပ်သော စက်စမ်းသပ်မှုနှင့် စစ်ဆေးမှုများပြုလုပ်ကာ ယခုဧပြီလနောက်ဆုံးပတ်အတွင်း လျှပ်စစ်ဓာတ်အားကို စက်စွမ်းအားပြည့် ထုတ်လုပ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

➪ စာမျက်နှာ ၅ မှ

နှစ်ရှည်သီးနှံစိုက်ပျိုးရေး စီမံကိန်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး မိမိတို့ကုမ္ပဏီအနေဖြင့် ဤဒေသ၌ နှစ်ရှည်သီးနှံများ လုပ်ကိုင်ခွင့်ရရှိထားပါကြောင်း။

ဦးစားပေးစိုက်ပျိုးမည်

ကော်ဖီ၊ မက္ကဒေးမီးယား၊ လိမ္မော်၊သရက်၊ လက်ဖက်၊ ထောပတ်၊ သစ်ဆိမ့်၊ ကြက်ဆူ၊ ရော်ဘာ၊ ဒညင်းတို့ကိုစိုက်ပျိုးသွားမည်ဖြစ်ပြီး သရက်နှင့် လိမ္မော်ကို ဦးစားပေးစိုက်ပျိုးရန် ရည်မှန်းထားပါကြောင်း။

လေးနှစ်ကာလအတွင်း ဧကအပြည့်အဝ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံများသို့လည်း စိုက်ပျိုးရေးလုပ်ငန်းအတွေ့အကြုံများ ရရှိစေရန် ကုမ္ပဏီဝန်ထမ်းများအား စေလွှတ်ပေးလျက်ရှိပါကြောင်း။

ဝန်ထမ်းများ၊ လုပ်သားများ၊ ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးကိစ္စများကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များအသုံးပြု၍ နှစ်ရှည်ပင်စိုက်ပျိုးရေးခြံများကို စနစ်တကျ ဖော်ထုတ်စိုက်ပျိုးသွားရန်၊ နှစ်ရှည်ပင် အောင်မြင်ဖြစ်ထွန်းမှုအပေါ်အခြေခံ၍ လိုအပ်သော စက်မှုလုပ်ငန်းများကို တွက်ချက်ထူထောင်သွားရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကုမ္ပဏီ၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး လိမ္မော်ပျိုးပင်များ ပျိုးထောင်ထားမှုနှင့် စိုက်ပျိုးရေရရှိနိုင်မည့် ရေအရင်းအမြစ် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြေယာပြုပြင် ပြီးစီးမှုအခြေအနေများနှင့် လိမ္မော်ပင်များစိုက်ပျိုးပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဗထူးတပ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံဆွေးနွေး

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများဖြစ်ကြသော ဦးသောင်းနှင့် ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အုန်းမြင့်တို့သည် ဧပြီ ၁၁ရက် မွန်းလွဲပိုင်းတွင် ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ကြပြီး မြို့နယ်အသင်း အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များအားတွေ့ဆုံ၍ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ဝန်ကြီးများသည် ဗထူးတပ်မြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အော်တိုအိတ်ချိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ပြည်ပသာသနာပြု ကျောင်းဆင်းရဟန်းတော်များ နိုင်ငံရပ်ခြားသို့ သာသနာပြုခရီး ကြွချီ

ရန်ကုန် ဧပြီ ၁၂

မဟာသင်္ဃိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ပြည်ပသာသနာပြု အပတ်စဉ် (၂)မှ သင်တန်းဆင်းရဟန်းတော်နှစ်ပါးသည် ယခုအခါ သီရိလင်္ကာနိုင်ငံ တက္ကသိုလ်တွင် ပညာဆည်းပူးနေကြသည်။

ဒုတိယအသုတ် အနေဖြင့် အရှင်ဝိစိတ္တသာရ၊ ဓမ္မာစရိယတန်း (စာကြည့်တိုက်ဘွဲ့ကြို)သည် စင်ကာပူနိုင်ငံ ရွှေကျောင်း ဆရာတော်၏ ဖိတ်ကြားချက်အရလည်းကောင်း၊ စမ်းမြသီတာကျောင်း ပဓာနနာယက အရှင်ပဏ္ဍိစ ဓမ္မာစရိယတန်း ဝိဇ္ဇာဘွဲ့ (မြန်မာစာ)သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Kangnamgu, Upgugong ကျောင်းတော်ကြီး၏ ဖိတ်ကြားချက်အရ ဝိပဿနာ တရားစခန်းများ ဖွင့်လှစ်ပို့ချပေးရန်အတွက် လည်းကောင်း သာသနာပြုခရီး ကြွချီတော်မူကြသည်။

(ကြေးမုံ)

စတုဒိသာ ကျွေးမွေးမည်

ရန်ကုန် ဧပြီ ၁၂

ယခုနှစ် ရန်ကုန်မဟာသင်္ကြန်ပွဲတော်တွင် ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း (YMBA) ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းရှေ့ ပြည့်ဖြိုးအောင်ဝင်းကြည် ဆောက်လုပ်ရေး ရေကစားမဏ္ဍပ်မှ ရေသဘင်ပွဲလာသူများအား ရေပက်ကစားပြီး သင်္ကြန်ရက်များအတွင်း စတုဒိသာများ ကျွေးမွေး လှူဒါန်းမည်ဖြစ်သည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၄–၂၀၀၅ (ဗုဒ္ဓဟူးနေ့) (သင်္ကြန်အကြိုနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ခါသင်္ကြန်အဆိုအကများ
- ၈:၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၇။ ယူးချောင်းတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ ဆယ်စုနှစ်က ခါသင်္ကြန် (ဇော်ဝမ်း)
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၀ ၄။ ခါသင်္ကြန်အဆိုအကများ
- ၄:၅၀ ၅။ တေးဂီတအစီအစဉ်
- ၅:၀၀ ၆။ **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ဓာတုဗေဒ)**
- ၅:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၃၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၄၅ ၉။ သီချင်းကြီးပဒေသာ
- ၅:၅၅ ၁၀။ ခါသင်္ကြန်အဆိုအကများ
- ၆:၀၅ ၁၁။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၁၅ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ ခါသင်္ကြန်အဆိုအကများ
- ၇:၂၀ ၁၆။ ခါသင်္ကြန်အဆိုအကများ
- ၇:၃၀ ၁၇။ ထုထည်ကြီးမား ထင်ရှားဧကန်ဓမ္မရုံ
- ၇:၄၅ ၁၈။ ကြည်နူးချမ်းမြေ့ပျော်ပျော်ရွှင်ရွှင် အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) (အပိုင်း–၁)
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **ရုပ်မြင်သံကြားဇာတ်လမ်း "ကြည်နူးရိပ်" (ပိုင်ဇေရဲထွန်း၊ကြည်လဲ့လဲ့ဦး၊ ခိုင်နှင်းဝေ) [ဒါရိုက်တာ–သက်တင်]**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး မြန်အောင်မြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲတက်ရောက်

ရန်ကုန် ဧပြီ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးနှင့် မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ ဦးဆောင်မှုဖြင့် မြန်အောင်မြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စု မန်ကျည်းကွင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း ပြုပြင်ဆောက်လုပ်ပြီးစီး၍ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားနှင့် မြန်အောင်မြို့နယ် ဆင်ကျုံးကွင်း၊ နှောကုန်း၊ မဲဇလီကွင်းနှင့် ထောက်ကျံကွင်းကျေးရွာချင်းဆက် မြေသားလမ်းဖွင့်ပွဲအခမ်းအနားများကို ယနေ့တွင် အဆိုပါနေရာများ၌ ကျင်းပပြုလုပ်ပြီးစီးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး၊ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံကျေးရွာသူကျေးရွာသားများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က စက်ခလုတ်နှိပ်၍ ကျောင်းဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး၊ မန်ကျည်းကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအုပ်ကြီး ဦးသန်းတိုးနှင့် ကျောင်းပြင်ဆင်ရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးမြသိန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က အမှာစကားပြောကြားကြပြီး ကျောင်းဆောင်သစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက တိုင်းပညာရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် အခမဲ့ပညာသင်ကြားနိုင်ရေးအတွက် ငွေပဒေသာပင် စိုက်ထူရန် တိုင်းမှူးက ငွေကျပ် ၁၀၀၀၀၀၊ ဗဟို အလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ ကျောင်းသား၊ ကျောင်းသူဟောင်းများက ငွေကျပ် ၁၂၀၀၀၀နှင့် စေတနာရှင် ဦးကျော်မြင့်က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၃၂၁အုပ်တို့ကို ပေးအပ်လှူဒါန်းကြသည်။

မန်ကျည်းကွင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ပြုပြင်တည်ဆောက်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး၏ ပံ့ပိုးမှုဖြင့် မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ကာ ပြင်ဆင်ရေးလုပ်ငန်းများကို ၁၇-၅-၂၀၀၄ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေ ၄၀၇၄၁၂၄ ကျပ်ဖြင့် ကျောင်းပြင်ဆင်မွမ်းမံခြင်း၊ ကျောင်းစာကြည့်တိုက်အဆင့်မြှင့်တင်ခြင်းနှင့် အားကစားကွင်း ဖောက်လုပ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးတို့သည် ဆင်ကျုံးကွင်း၊နှောကုန်း၊ မဲဇလီကွင်းနှင့် ထောက်ကျံကွင်း ကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်၍ အဆိုပါမြေသားလမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းမြေသားလမ်းသည် အကျယ် ၁၄ပေ၊ အရှည်နှစ်မိုင် လေးဖာလုံရှိပြီး မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြန်အောင်ရေနံမြေအင်ဂျင်နီယာဌာနတို့ပူးပေါင်း၍ အမာခံမြေသားလမ်း ဖောက်လုပ်ခြင်းကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရာသီမရွေးအသုံးပြုနိုင်မည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်းနှင့် ယခင်က လယ်ကန်သင်းရိုးလူသွားလမ်းသာ အားပြုဆက်သွယ်နေရသော ပတ်ဝန်းကျင် ကျေးရွာများအနေဖြင့် မော်တော်ယာဉ်များရာသီမရွေး မောင်းနှင်အသုံးပြုနိုင်မည့် လမ်းသစ်ပေါ်ပေါက်လာခြင်းကြောင့် ဒေသခံပြည်သူများ များစွာ ကျေနပ်ဝမ်းမြောက်လျက်ရှိကြသည်။

(သတင်းစဉ်)

မြန်အောင်မြို့နယ် ဆင်ကျုံးကွင်း၊ နှောကုန်း၊ မဲဇလီကွင်းနှင့် ထောက်ကျံကွင်းကျေးရွာချင်းဆက် မြေသားလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးတို့ တက်ရောက်ကြစဉ်။ (စွမ်းအင်)

မှော်ဘီချမ်းမြေ့ရိပ်သာဓမ္မသဘင် သင်္ကြန်အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၂

မှော်ဘီမြို့ ချမ်းမြေ့ရိပ်သာ သင်္ကြန်အထူးတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁၃ရက် ည ၇နာရီတွင် ကမ္မဋ္ဌာနာစရိယ ဦးဝါသဝက၊ ဧပြီ ၁၄ရက် ည ၇နာရီတွင် ကမ္မဋ္ဌာနာစရိယ ဦးဣန္ဒက၊ ဧပြီ ၁၅ရက် ည ၇နာရီတွင် ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးသောဘိတနှင့် ဧပြီ ၁၆ရက် ည၇နာရီတွင် ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်တို့က မှော်ဘီချမ်းမြေ့ရိပ်သာ ဓမ္မဗိမာန်တော်ကြီးတွင် တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

ကိုးမိုင်မဟာစည် တရားစခန်းဖွင့်

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်မြို့ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ နွေရာသီသင်္ကြန်တွင်း ခုနစ်ရက်တရားစခန်းကို ဧပြီ ၁၀ရက်က ဖွင့်လှစ်သည်။ ဟိတေသီအတွင်းရေးမှူး ဦးမောင်မောင်ကြည်က ခုနစ်ရက်တရားစခန်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ခုနစ်ရက်တရားစခန်းပွဲသို့ ရဟန်းယောဂီ ၅၀ နှင့် အမျိုးသမီးယောဂီ ၅၀ စုစုပေါင်းယောဂီ ၁၀၀ ဝင်ရောက်အားထုတ် လျက်ရှိကြပြီး ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ကဝိဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ကိုယ်တိုင် ဝိပဿနာအလုပ်ပေးတရားတော်ကို နေ့စဉ်ဟောကြားပြသလျက်ရှိသည်။ အဆိုပါတရားစခန်းကို ဧပြီ ၁၀ရက်(တနင်္ဂနွေနေ့)မှ စတင်၍ နှစ်ဆန်းတစ်ရက် ဧပြီ ၁၇ရက်(တနင်္ဂနွေနေ့)အထိ ဖွင့်လှစ်လျက်ရှိသည်။

(အပေါ်ပုံ) (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇:၀၀	အဖွင့် ယနေ့အစီအစဉ်	၉:၀၀	ရုပ်ရှင်အကယ်ဒမီ အကြောင်းသိကောင်းစရာ
၇:၀၅	ခါသင်္ကြန်အဆိုအက	၉:၅၀	ခါသင်္ကြန်အဆိုအက
၇:၁၀	ကျိုက္ခမီရေလယ်ဘုရား	၉:၅၅	နိုင်ငံတကာသတင်း
၇:၂၀	နိုင်ငံတကာသတင်း	၁၀:၀၀	ကျေးလက်မြို့ပြတူမျှ အလေးပေးအမျိုးသားကျန်းမာရေး
၇:၂၅	လတန်ရူးပေမို့	၁၀:၁၀	ပြည်တွင်းသတင်း
၇:၅၀	ခါသင်္ကြန်အဆိုအက	၁၀:၁၅	ဂီတဆည်းဆာ
၇:၅၅	ဒသမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အေရိုးဗစ်ပြိုင်ပွဲ	၁၁:၀၀	အပိတ်
၈:၃၀	ပြည်တွင်းသတင်း		
၈:၃၅	မြန်မာစာမြန်မာစကား		
၈:၄၅	ခါသင်္ကြန်အဆိုအက		
၈:၅၀	မိုးလေဝသခန့်မှန်းချက်		
၈:၅၅	ခါသင်္ကြန်အဆိုအက		

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၂)၊အမှတ်(၂)ထုတ်ဝေ

ရန်ကုန် ဧပြီ ၁၂

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၂)၊ အမှတ်(၂)ကို ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နှစ်လေးဆယ်ပြည့် အထိမ်းအမှတ် အထူးထုတ်အဖြစ် ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ ပညာရပ်ဆိုင်ရာ ဂျာနယ်ဖြစ်သည့် အဆိုပါဂျာနယ်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၏ Interface Between Centre and Periphery in Myanmar စာတမ်း၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဗိုလ်မှူးကြီး ညွှန့်ဆွေ(ငြိမ်း)၏ ဗဟိုဝန်ထမ်းတက္ကသိုလ်၏ ပတ္တမြားရတု၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦး၏ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဖြစ်စဉ်မှတ်တမ်းနှင့် နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်သင်ကြားခြင်းဆိုင်ရာဆောင်းပါးများ၊ ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။ **(အပေါ်ယာပုံ)**

ထို့အပြင် အမှတ်တရ ပုံရိပ်များကဏ္ဍတွင် ရှေ့နေချုပ် ဦးအေးမောင်၏ နိုင်ငံ့ဝန်ထမ်းဘဝ ပင်ရေးမှတ်တမ်းအကျဉ်း၊ အထွေထွေကဏ္ဍတွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များ အပါအဝင် နိုင်ငံ့ဝန်ထမ်းများ လေ့လာမှတ်သားသင့်သည့် ပြည်တွင်းပြည်ပ ဆောင်းပါး စုစုပေါင်း ၁၈ပုဒ်ဖော်ပြထားသည်။ အဆိုပါ ဂျာနယ်ကို ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး ဦးစီးဌာန ဖုန်း-၃၇၈၃၂၉သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

ထူးခြားသည့်နေ့အပူချိန်များ

(၁၂-၄-၂၀၀၅)

ပျဉ်းမနား၊ ရွှေကျင်နှင့်ဘားအံ
၄၀ ဒီဂရီ စင်တီဂရိတ်
(၁၀၄ ဒီဂရီ ဖာရင်ဟိုက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်မှု ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၅၆၀၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ရခိုင်ရိုးရာသင်္ကြန်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၂

လှိုင်သာယာမြို့နယ် (၉) ရပ်ကွက် ဘားအံလမ်းထိပ်တွင် ပထမအကြိမ် ရခိုင်ရိုးရာ သင်္ကြန်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ သင်္ကြန်ပွဲတွင် ကုသိုလ်ဒါန စေတနာ့ဝန်ထမ်း လှူဒါန်းလိုကြသူများ ဦးစံရွှေ ဖုန်း-၂၄၄၈၈၀နှင့် ဦးဝင်းထွန်း ဖုန်း-၂၄၇၅၂၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မန္တလေးမြို့ ရာစုသစ် အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနနှင့် ရှေးဟောင်းမြန်မာစာပေရေးရာဌာန ဖွင့်လှစ်သည့် (၄)နှစ်မြောက် အခမ်းအနား ပညာရေးဝန်ကြီး ဦးသန်းအောင် တက်ရောက်

ရန်ကုန် ဧပြီ ၁၂

မန္တလေးမြို့ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနနှင့် ရှေးဟောင်းမြန်မာစာပေရေးရာဌာန တည်ထောင်ဖွင့်လှစ်သည့် (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့က မန္တလေးမြို့ လမ်း(၈၀)၊ (၃၃)လမ်းနှင့် (၃၄)လမ်းကြားရှိ ရှေးဟောင်းမြန်မာစာပေရေးရာဌာန ရတနာပူရခန်းမဥ္စကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်အားပေးသည်။

အဆိုပါ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် အရာရှိကြီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိမ်းမြင့်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းခိုင်၊ မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ပါမောက္ခများ၊သုတေသီများ၊ ရာစုသစ် အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနတွင် ဖွင့်လှစ်ထားသော ကုမ္ပဏီများမှ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က အဖွင့်နှုတ်ဆက် ဂုဏ်ပြုစကားပြောကြားပြီး အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်က ရာစုသစ် အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနနှင့် ရှေးဟောင်းမြန်မာစာပေရေးရာဌာနတို့၏ ဖွင့်လှစ်ခဲ့သည့် စတုတ္ထမြောက်နှစ်အတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်အား ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသိမ်းမြင့်ကအထိမ်းအမှတ်လက်ဆောင် ပေးအပ်သည်။ ထို့နောက် ဧပြီ ၇ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သော နှစ်ပတ်လည်အထိမ်းအမှတ် အကြိုစာတမ်း ဖတ်ပွဲတွင် စာတမ်း ဖတ်ကြားသွားကြသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ သုတေသီ ၁၇ ဦးတို့အား ပညာရေးဝန်ကြီးဌာန ဝန်ကြီးက အထိမ်းအမှတ်လက်ဆောင်များပေးအပ်သည်။

ဖွင့်လှစ်

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၊ ရှေးဟောင်းမြန်မာစာပေရေးရာဌာနမှ ဖွင့်လှစ်ခဲ့သည့် စာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်မှု ဘွဲ့ကြိုဒီပလိုမာသင်တန်းတက်ရောက်ပြီးစီးသူများ၊ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနတွင် အမျိုးသားလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာနနှင့် KMD ကုမ္ပဏီတို့ပူးပေါင်းဖွင့်လှစ်ခဲ့သည့် Diploma in IT သင်တန်း အောင်မြင် ပြီးစီးသူများကိုအဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်က အောင်လက်မှတ်များ ချီးမြှင့်သည်။

(သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၁၂

အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရပြန်ကြားရေးဝန်ကြီးဌာနပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး) ဦးစိုးမိုး ခေါင်းဆောင်သောမြန်မာပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ မြန်မာပြန်ကြားရေးကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ပြန်/ဆက်)ဦးထွန်းမင်းနှင့် မြန်မာပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းမှ AFP သတင်းဌာန သတင်းထောက် ဦးခင်မောင်သွင်နှင့်အဖွဲ့၊အတွင်း ရေးမှူးအဖြစ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်းစဉ်(နိုင်ငံခြား)မှ စာပေလက်ထောက်(၂)ဒေါ်ရီရီမြင့်တို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

ကုက္ကိုင်းရေကူးအသင်းနွေရာသီသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၂

ကုက္ကိုင်း ရေကူးအသင်း၏ နွေရာသီရေကူး သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ် ချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးအသင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်ကအမှာစကားပြောကြားပြီးသင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းအချိန်ပိုင်းအလိုက် ချီးမြှင့်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား မမေပုလဲ၊ မခိုင်ခိုင်မိုးနှင့်မရတနာဦးတို့က လက်ခံရယူကြသည်။ ဆက်လက်၍ ကုက္ကိုင်းရေကူးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက သင်တန်းတွင် လေ့ကျင့်ပေးခဲ့သည့် နည်းပြဆရာများအား ဂုဏ်ပြုဆုငွေ ချီးမြှင့်ရာ နည်းပြဆရာများကိုယ်စား ဦးကျော်ဆွေက လက်ခံရယူသည်။ **(အောက်ပုံ)**

အဆိုပါပထမအကြိမ်နွေရာသီရေကူးသင်တန်းကိုမတ် ၁ ရက်မှဧပြီ ၁၁ ရက်အထိဖွင့်လှစ်ခဲ့ပြီးဒုတိယအကြိမ်သင်တန်းကိုဧပြီ ၂၃ ရက်မှစတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။ **(ကြေးမုံ)**

ရွှေလီမြစ်ကူးတံတား(ငါးအိုး)ရေလမ်းကြောင်း ပြုပြင်ထားမှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ရေအရင်း အမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၇ရက် ညနေပိုင်းတွင် ရွှေလီမြစ်ကူးတံတား(ငါးအိုး)သို့ ရောက်ရှိပြီး ရွှေလီမြစ်ကူးတံတား(ငါးအိုး) ရေလမ်းကြောင်း ပြုပြင်ထားမှုများ၏ တိုးတက်မှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးသည်။ ရေလမ်းကြောင်းပြောင်းလဲစေရန်အတွက် တည်ဆောက်ထားသော ရေလမ်းလွှဲ အဆောက်အအုံများကြောင့် မြစ်ညာရှိ သောင်များနှင့်မြစ်ခြေရှိ သောင်များပျောက်စေပြီး ရေလမ်းကြောင်းနှင့်စီးဆင်းမှုအား အဓိကထား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၈ ရက် နံနက်ပိုင်းတွင် ရွှေလီမြစ်၏ ကမ်းခြေများ ပြောင်းလဲမှုအခြေအနေကို ပျဉ်ထောင်လေးကျေးရွာနှင့် ငါးအိုးကျေးရွာ ရေဦးထိုးမှုများ၊ ရေအနက်ကြောင်း ပြောင်းလဲမှုများကို ကြည့်ရှုစစ်ဆေးပြီး သစ်ပင်မျောများကြောင့် ရေကြောင်းပြောင်းလဲမှု မဖြစ်စေရန်အတွက် ဖယ်ရှားရန် လိုအပ်ချက်များနှင့် ဖြည့်စွက်ဆောင်ရွက်ရမည့် အစီအမံများကို ဆက်လက်ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ထိုနေ့ နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ဗန်းမော်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ဗန်းမော်မြို့သို့ ရောက်ရှိသည်။ ဗန်းမော်မြို့ ကောင်းတုံရိပ်သာ၌ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် စိုးနွယ်နှင့် တွေ့ဆုံပြီး ဗန်းမော်၌ ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ညှိနှိုင်းဆွေးနွေးကာ ပူးပေါင်းကူညီမှုဖြင့် မြို့သစ်မြို့ ရေစားကမ်းပြိုသည့် နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြို့သစ်ရေစားကမ်းပြိုသည့် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးလျက် ရေလွှမ်းကာလ တိုတောင်းစေရန် အစီအမံများ၊ မူလရေစီးကြောင်း ပြန်လည်ဖော်ထုတ်ရမည့် လုပ်ငန်း အစီအမံများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ချမှတ်

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဧပြီ ၉ရက် နံနက်ပိုင်းတွင် ဧရာဝတီမြစ်အတွင်း ရေယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ဗန်းမော် ဧရာဝတီဆိပ် အမြန်ဆုံးပြန်လည် အသုံးပြုရေး အစီအမံများကို ချမှတ်ပေးသည်။

(သတင်းစဉ်)

နယ်စပ်/ စည်ပင်ဝန်ကြီးဌာန ရဟန်းခံရှင်ပြုမင်္ဂလာ ကျင်းပ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဧပြီ ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန သတ္တမအကြိမ်မြောက် စုပေါင်း ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် ကမာရွတ်ဘူတာရုံလမ်းရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ (ကျား)ကျောင်း ဓမ္မဗိမာန်တော်၌ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဗိုလ်မှူးကြီး တင်ငွေ၊နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလ

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက်ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူကြသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်တို့က ဦးစီးလျက် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ပုံ)** မကွေးဆရာတော် ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်က အနုမောဒနာ တရားဟောကြားတော်မူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။ ယင်းစုပေါင်း ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာတွင် ရဟန်း ၇၂ ပါးနှင့် ရှင်သာမဏေ ၅၉ ပါး တို့အား သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြပြီး သိမ်ဆင်းသံဃာတော်များကို ဝန်ကြီးနှင့် ဇနီး ဦးဆောင်လျက် ဝန်ကြီးဌာန မိသားစုများက သိမ်ဆင်းလောင်း လှူခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီးဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ကျေးလက်ဒေသသုံး လျှပ်စစ်စက်ရုံငယ်များ ထူထောင်

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ထူထောင်ရာ၌ လျှပ်စစ်စွမ်းအားသည် မရှိမဖြစ်လိုအပ်လာ၊

☆ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ခေတ်မီလျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်းများကို စီမံချက်ချ၍ အကောင်အထည်ဖော်နေခြင်းဖြစ်၊

☆ မြို့ကြီးပြကြီးများ၊ စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများအတွက်သာမက ကျေးလက်ဒေသများကိုပါ တိုးချဲ့၍ လျှပ်စစ်ဓာတ်အားပေးနိုင်ရန်အတွက် ကျေးလက်ဒေသသုံး တစ်နိုင်တစ်ပိုင် ရေအားလျှပ်စစ်စက်ရုံငယ်များ၊ သဘာဝစွန့်ပစ်ပစ္စည်းသုံး လျှပ်စစ်စက်ရုံငယ်များကိုလည်း ဆက်လက်တိုးချဲ့ ထူထောင်သွားကြရန် လိုအပ်၊

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မြေလွတ်မြေရိုင်းများ ထိထိရောက်ရောက်အသုံးချနိုင်အောင် လုပ်ငန်းရှင်များအား ခွင့်ပြုထား အောင်မြင်နိုင်သည့် နှစ်ရှည်ပင်များကို ရွေးချယ်၍ ခေတ်မီနည်းစနစ်များဖြင့် စီးပွားဖြစ်စိုက်ပျိုး နှစ်ရှည်ပင်များ စိုက်ပျိုးလုပ်ကိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်

ရန်ကုန် မေ ၁၂

ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့၌ရောက်ရှိနေသည့် **နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မေ ၁၁ရက် နံနက်ပိုင်းတွင် ရပ်စောက်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် ရပ်စောက်မြို့နယ် အင်တောမြို့ ကျောက်ဂူကျေးရွာအုပ်စုရှိ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ **ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရပ်စောက်မြို့နယ် အင်တောမြို့ ဆီဆုံဂနိုင်ဒေသရှိ ထူးထရေးဒင်းကုမ္ပဏီလီမိတက်၏ လီမွှော်ပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



တိုတောင်းသည့် ဆယ်နှစ်ကျော်ကာလအတွင်း ယခုကဲ့သို့ ရှမ်းပြည်နယ်အနေဖြင့် မြင်သာထင်သာ တိုးတက်ဖွံ့ဖြိုးလာခြင်းမှာ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်မူဝါဒနှင့် ဖြူစင်သည့်စေတနာအပေါ် တိုင်းရင်းသားပြည်သူများက နားလည်မှုရှိရှိ ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်